မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား မြန်လည်ရေးလုံးလုံးညီညွတ်ရေး
* နိုင်ငံမာသည့် မွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် မွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီမွဲ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဓနံတီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွယ်ဝရေးနှင့် ပညာရည်မြင့်မားရေး

တောင်သူတို့ အကျိုးစီးပွားမြင့်မားစေမည့် မအူပင်မြို့နယ် ဝါးတောရေထိန်းတံခါး

သတင်းခရီးသည် မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း ကျော်မြင့်သန်း(လမ်းမတော်)

စာမျက်နှာဖွဲ့စည်းမှု သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၇

ဧရာဝတီမြစ်အတိုင်း မောင်းနှင်လာသော စက်လှေသည် မအူပင်မြို့မှ သုံးမိုင်ခန့်အကွာ ခရီးခေါင့်ရွာဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့သည်။ ခရီးခေါင့်ရွာသည် ဧရာဝတီမြစ်ကမ်းအနီးတည်ရှိသဖြင့် စက်လှေကမ်းကပ်သည်နှင့် ခရီးခေါင့်ရွာသို့ ရောက်ရှိပြီဖြစ်သည်။

မြင်တွေ့

ဧရာဝတီမြစ်ကမ်းပေါ်တက်လိုက်သည်နှင့် ရေသွယ်ချောင်းကိုပိတ်ပြီး တည်ဆောက်ထားသော ရေထိန်းတံခါးတစ်ခုကို တွေ့လိုက်ရသည်။ ဖတ်ကြည့်လိုက်ရာ **''ဝါးတောရေထိန်းတံခါး''** ဟူသော စာတန်းက ထင်းခနဲ ပေါ်လွင်နေသည်။

စာမျက်နှာ ၅ ကော်လံ ၃ ↓

ဝါးတောရေထိန်းတံခါး

လယ်ယာမြေဧက တစ်သောင်းကျော်ကို ရေလေးဝေနိုင်ပြီး လယ်မြေများ ရေနှစ်မြို့ပ်မှုမှ ကာကွယ်ပေးနိုင်သော ဝါးတောရေထိန်းတံခါးကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း (လမ်းမတော်)

နေရာကွက်ကျား

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာသောင်း ဆောင်းပါး အညွှန်း

ယနေ့မြန်မာနိုင်ငံသည် နိုင်ငံလည်း ပြိုကွဲမခံ၊ ပြည်သူလည်း ဒုက္ခရောက်မခံ၊ လွတ်လပ်ရေးလည်း ဆုံးရှုံးမခံ၊ ရရှိပြီး ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်လာသမျှကိုလည်း ထိပါးမခံ၊ ယုတ်လျော့မခံ။ နိုင်ငံကြီး ပိုမိုတိုးတက်ကြွယ်ဝလာအောင်၊ ဒီမိုကရေစီနိုင်ငံစစ်စစ် အဆင့်ရောက်အောင် အားလုံးဝိုင်းဝန်း ညီညာလက်တွဲကြိုးပမ်းရမည့်အချိန်ဖြစ်သည်။

မိခင်သန့်၏ ဆောင်းပါး စာ - ၈ နှင့် ၉

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၉ ခုနှစ် ဇူလိုင် ၁၈ ရက်)

မျိုးကောင်းမျိုးသန့် စပါးမျာ့ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ခေတ်မီလယ်ယာသုံးစက်ကိရိယာများ အသုံးချ

နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဖော်ဆောင်ရွက်၌ စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးကဏ္ဍများသည် အခြေခံအကျဆုံး ကဏ္ဍများဖြစ်သည်။

နိုင်ငံတော်၏ ပြည်စုံကြွယ်ဝသော စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးသယံဇာတများကို ရေရှည်အသုံးချနိုင်ရေးသည် အရေးကြီးသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း များစွာအထောက်အကူပြုလျက်ရှိသည်။ နိုင်ငံတွင်စိုက်ပျိုးနိုင်သည့် မြေဧရိယာစက ၄၄သန်းကျော် ရှိပြီး အသားတင်စိုက်ပျိုးမြေစက ၃၃ သန်းကျော် ရှိသည်။ ဆန်စပါးသည် နိုင်ငံ၏ ဝမ်းစာဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာလည်းဖြစ်သည်။ ထို့ပြင် နိုင်ငံခြားငွေ အမြောက်အမြားရှာဖွေပေးနေသည့် အဓိက ပြည်ပပို့ကုန်လည်းဖြစ်သည်။

နိုင်ငံတော်တွင် စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းဧကများစွာ ကျန်ရှိနေသည့်အတွက် စိုက်ဧကများ တိုးချဲ့ ဖော်ထုတ်လျက်ရှိပြီး ပြည်ပ ဈေးကွက်တွင် ဈေးကောင်းရရှိမည့် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းသည့်စပါးများကို ရွေးချယ်စိုက်ပျိုးနိုင်ရေးတို့သည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေ အလုံအလောက်ရရှိစေရန် ဆည်မြောင်းတာဝန်များ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေဖော်ထုတ်ရရှိရေး လုပ်ငန်းများကို ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ပေးလျက်ရှိသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလုပ်ကိုင်လျက်ရှိရာ လယ်ယာသုံးစက်ကိရိယာများဖြင့် ထွန်ယက် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ဧရိယာ တိုးချဲ့စိုက်ပျိုးလျက်ရှိသည့်အပြင် အထွက်နှုန်းမြင့်မားရေး၊ မျိုးကောင်း မျိုးသန့်အသုံးချရေး၊ သီးနှံအရည်အသွေးမြင့်မားရေး၊ သီးနှံစိုက်ခွင်မ်းအား မြင့်မားတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လယ်ယာ စိုက်ပျိုးသူတောင်သူဦးကြီးများအား လက်တွေ့ပြသပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ ဝမ်းစာဖြစ်သည့်ဆန်စပါးကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများရှိပြီး တိုးမြှင့်ထုတ်လုပ်နိုင်သည်နှင့်အမျှ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံအတွက်နိုင်ငံခြားငွေ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နေ့ပြည်တော် မြန်မာ့အာရုံ

(တနင်္ဂနွေ-နံနက်-ဧရိယ-၁၁)

၁၉-၇-၂၀၀၉

၇း၀၀ အဖွင့်တီးလုံး+နွှာခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (ပုဒ္ဓဇာသုတ်)
၇း၁၀ မမွေပုစာတေးဒေသာ
၇း၃၀ (၃စ)ဗြာမဂီလာ
၇း၃၅ နံနက်ခင်းတေးပေဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပေဒေသာ
၉း၀၀ ဘဝအသွင်ကဏ္ဍအမြင် (ကလေးစိတ်)
၉း၁၅ တေးပေဒေသာ
၉း၁၅ ဘဝတစ်လွှေ့အလွှေ့အကြို (လူကိုမစောင့်တဲ့အချိန်)
၉း၃၀ မွေးနေ့လက်ဆောင်
၁၀း၀၀ သန်ခွန်းကျန်းမာကိုယ်ခန္ဓာ (ဦးနောက်နှင့် ဘုတ်ရည်ပွဲဖြိုးမှု အတွက် အရေးပါတဲ့ကလေဘာဝ)
၁၀း၁၀ သောဘရုင်လှရာတေး
၁၀း၃၅ သတင်းစာအာဘော်
၁၀း၄၀ တေးဆီးရီး(လက်ရွေးစင်-၂)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ သုတစုံဌာသိမ့်တစ်ရာ (ပင်လယ်သမုဒ္ဒရာရေများနှံအပြင် အနေအထားပြောင်းလဲမှု ငါးစက်ရုပ်အသုံးပြု)
၁၁း၂၀ တေးပေဒေသာ
၁၁း၃၀ ဆိုကြယ်ကျွင်းသံစဉ်(၁၇)
၁၂း၀၀ စံတော်ချိန် ကလေးများအတွက်ပုံပြင် (တိထွင်ကြံဆ)
နေ့လယ်ခင်းတေးပေဒေသာ
၁၂း၃၀ စာအုပ်စာပေလူမှုဓိတ်ဆွေ (၁) Youth ဧဝုခင်း - ဖွဖွလ (၂) ပြောပြစမ်းနှင်း သိရိလင်္ကာ တစ်ခွင် -ဒေါ်တင်တင်စိန်
၁၂း၄၀ နေ့လယ်ခင်းတေးပေဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ တေးပေဒေသာ
၁း၁၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပေဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၀၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပေဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၅ လယ်ယာစီးပွား (ကျောက်မရဲစိုက်ပြီးတင်ရွေ့ရောက်ရွှေ့)
၁၈း၄၅ တေးပေဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (ဒီးဒီးခဲ)
နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၉)
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ဖျော်ဖြေသီကြေး သူ့အလှည့်တေး(ရင်ငို)
စီးပွားရေးဦးတည်ချက်
၂၀း၄၀ ရင်တွင်းခံစားတေးသီချင်းများ (နန်းနေခြည်ဦး)
၂၁း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
၂၁း၂၀ ညချမ်းချိန်ခါတေးပေဒေသာ
၂၁း၃၀ ခေတ်ရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၁၈-၇-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မမွေပုစာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိန်းဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ ဆတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြား ဇော်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဏ္ဍာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဏ္ဍာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ပြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၄၁)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်မေါ်ကရုပ်ရှင် **ကိုနိုစာ** မြင့်မြတ်၊ မေကျော (ဒါရိုက်တာ-သာကြီး)
၁၃း၅၅ ၆။ သာယာသီကြား ဇော်ဆန်းတေး
၁၄း၀၀ ၇။ ရသနှံလင်္ကာမြင်စာတ်လမ်း **အချစ်ရဲ့ဆွဲဆား** (အပိုင်း-၇)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစံတွဲတူပျံဦခဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိန်းဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၅ ၆။ အမျိုးသားရေးတေးကဏ္ဍာ
၅း၀၀ ၇။ သာယာသီကြား ဇော်ဆန်းတေး
၅း၄၀ ၈။ မော်ကွင်းရောသမုဒ္ဒဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဏ္ဍာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက် ဆရာ့ဆောင်ချစ်သူ
၆း၃၀ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ ရသနှံလင်္ကာမြင်စာတ်လမ်း **ဆယ်ကျော်သက်သတို့သမီး** (အပိုင်း-၁၇)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဏ္ဍာ
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့သာအတွက် မြဝတီ၏ခေတ်လေးကဆောင်
၂၁။ ရသနှံလင်္ကာမြင်စာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၁၄)
၂၂။ မိုးကုတ်ဆရာတော်ကြီး ဆေးမှုအကြီ (**အပိုင်း-၁၂**)

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ပိုလ်ချုပ်ဌေးဦး မိတ္ထီလာမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇူလိုင် ၁၂ရက် နံနက်ပိုင်းက မိတ္ထီလာမြို့နယ် ကဖြကျေးရွာအုပ်စု ကဖြကွင်းအတွင်း လယ်သမားများက စက်ရေတွင်းများမှ ရေနစ်စက်ဖြင့်ရေတင်၍ နှမ်းစိုက်ခင်းများသို့ ရေသွင်းနေမှု၊ စပါးပျိုးထောင်ရန် ရေသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ဝဲ)** မျိုးသန့်စပါး မျိုးပွားစိုက်ပျိုး၍ ဒေသတွင်းပြန့်ပြားရေးမှာကြားသည်။

ထပ်မံတူးဖော်

မိတ္ထီလာ-သာစည်ဒေသတို့တွင် စိုက်ခင်းများကို မြေဆောက်ရေဖြင့် စိုက်ပျိုးနိုင်ရန် မိတ္ထီလာမြို့နယ်တွင် စက်ရေတွင်း ၂၂၀တွင်း၊ သာစည်မြို့နယ်တွင် ၁၂၀တွင်းတူးဖော်ခဲ့ပြီး ယခုအခါ အဆိုပါစက်ရေတွင်းများမှ ရေဖြင့်ပျိုးထောင်မှုများ ပြုလုပ်လျက်ရှိသည်။ ယခုနှစ်တွင် စက်ရေတွင်း ၂၀၀ ထပ်မံ တူးဖော်လျက်ရှိသည်။

ယင်းနောက် ဝန်ကြီးသည် ကဖြ၊ ညောင်ကားယားနှင့် ရွှေလှကျေးရွာတို့မှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ စိုက်ပျိုးရေ ရရှိရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ကျောင်းဖြုတ်ခြင်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် ချောက်ပင်ရွာ အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ စာသင်ကျောင်းပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားကျောင်းသူများအတွက် ပညာရေးရန်ပုံငွေပေးအပ်ပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

စိုက်ပျိုးရေရရှိရေး

ယင်းနောက် ဝန်ကြီးသည် မျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာ၌ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများအား တွေ့ဆုံ၍ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ ကျေးရွာဆည်ကန်ငယ်များ ပြုပြင်ပြီး ရေရရှိရေးလုပ်ငန်း၊ မြေအောက်ရေတွင်းများတူးဖော်၍ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်၌ ယာဉ်မတော်တဆဖြစ်ပွားမှုလျော့နည်းပပျောက်စေရေး စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားဦးစီးဌာန မွန်ပြည်နယ်ဦးစီးဌာနမှူး ဦးမိုးမြင့်ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(ယာဉ်ထိန်း)၊ မွန်ပြည်နယ် မော်တော်ယာဉ် ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပါဝင်သောအဖွဲ့သည် **(အပေါ်ဝဲ)** ဇူလိုင် ၁၄ရက်နှင့် ၁၅ရက်တို့တွင် မော်လမြိုင်မြို့အဝင်းပြေးယာဉ်ရပ်နားစခန်း(လွိုင်)နှင့် (ရေးကြို)တို့မှ ပြည်နယ်နှင့်တိုင်းများရှိ ဖြို့နယ်များသို့ ထွက်ခွာကြမည့် ခရီးသည်တင်ယာဉ်များကို ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်စေရေးအတွက် ယာဉ်ကြွခိုင်မှုမရှိမှု ဒီကြိုး၊ ဘရိတ်နှင့်အချက်ပြမီးများ ကောင်းမွန်မှုရှိမရှိ၊ တာယာကောင်းမွန်မှု၊ ရေသုတ်တံပါမပါ၊ သတ်မှတ်ယာဉ်ဝေါင်းလိုင်စင်ဖြင့် မောင်းနှင်မှုရှိမရှိနှင့် လုပ်ငန်းလိုင်စင်ရယူထားခြင်းရှိမရှိတို့ကို စစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား ဟွန်ဒိုင်းကုမ္ပဏီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား HYUNDAI Heavy Industries Co.,Ltd. မှ Vice President Mr.Kung Leewook နှင့်အဖွဲ့သည် ယနေ့နံနက် ဥရောပရိုးခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဘာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်ပူမြို့နယ် ကွမ်းခဲ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သစ်တော)

အင်ပူမြို့နယ်၌ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၁၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၁၃ရက် နံနက်ပိုင်းတွင် အင်ပူမြို့နယ် ပြည်သူ့ဆေးရုံနှင့် မြို့မြောက် အခြေခံပညာမူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျောင်းဆောင်ဖြင့်ငှဲ့ရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စိုက်ပျိုးပေး

ယင်းနောက် ဝန်ကြီးသည် ထန်းပင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးပြီး ကျောင်းရုပ်ပုံဥေးတွက် အလှူငွေများပေးအပ်လှူဒါန်းကာ အမှာစကားပြောကြားပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ကုံကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် အင်ပူမြို့နယ် ကွမ်းခဲ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် သာယာကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေး၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ပေးပြီး အလှူငွေပေးအပ်လှူဒါန်းကာ ဒေသခံပြည်သူများအား အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန ပိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီး ဗိုလ်ချုပ်လှဒွန်း တက်ရောက်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၉ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဓနသိဒ္ဓိ ရပ်ကွက်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများဆဲကျင်းပရာဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှဒွန်း တက်ရောက်၍ သစ်ပင်များကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

နေ့ဦးစာ ဝန်ကြီးဗိုလ်ချုပ်လှဒွန်းက ခရေပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဟိုဘာထ်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် မြန်မာနိုင်ငံတော်ဟိုဘာထ် မြန်မာ့စီးပွားရေးဘာထ်၊ ရပ်ုးမှန်ခြေ ဌေဝရင်း ဦးစီးဌာနမှူး ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ ဝန်ထမ်းများသည် အရိပ်ရသပင်များ၊ စားပင်သီးပင်၊ နှစ်ရှည်ပင်များကို တရော်တပါး စိုက်ပျိုးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတော်ဟိုဘာထ်၏ ဝိနိုတလုံးသရက်စိုက်ခင်း၊ မြန်မာ့စီးပွားရေးဘာထ်၏ အရိပ်ရ လေကာပင်စိုက်ခင်း၊ ရုံးမှန်ခြေ ဌေဝရင်းဦးစီးဌာန၏စားပင်၊ သီးပင်စိုက်ခင်းနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ နှစ်ရှည်ပင်စိုက်ခင်းတို့၌ ဝန်ထမ်းများက အရိပ်ရအပင်များ၊ စားပင်၊ သီးပင်နှစ်ရှည်ပင်များ တမျော်တပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ဝန်ကြီးက မြန်မာနိုင်ငံတော်ဟိုဘာထ်၏ ဝိနိုတလုံး သရက်စိုက်ခင်း၌ စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ငါးသားပေါက်များ စိုက်ထည့်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘာထ်၏ လျှိုတိတ်ဆည် အမှတ်(၂၅)၌ ကျင်းပရာ ဝန်ကြီးက လျှိုတိတ်ဆည်အတွင်း ငါးနှံးမ၊ ငွေငါးကြင်း နှင်းငါးမြစ်ခွင်းစသည့် ငါးသားပေါက်များကို စိုက်ထည့်ပေးပြီး (အပေါ်ပုံ) ဒုတိယ ဝန်ကြီး၊ မြန်မာနိုင်ငံတော်ဟိုဘာထ်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ဝန်ထမ်းများက ဆည်အတွင်း သို့ ငါးသားပေါက်များကို စိုက်ထည့်ပေးကြရာ ဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

သံတွဲခရိုင် ငါးလုပ်ငန်ဦစီးဌာနမှ အရွယ်အစားမမီသော ရွှံ့ကဏ္ဍန်းများ ပြန်လည်မျိုးစိတ်ထည့်

သံတွဲ ဇူလိုင် ၁၇

ရခိုင်ပြည်နယ် သံတွဲခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ကဏန်းမျိုးထိန်းသိမ်းရေးဆောင်ရွက်ချက်အနေဖြင့် ဇူလိုင် ၁၂ရက် နံနက်က သံတွဲခရိုင် သံတွဲမြို့နယ် ကြည်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာ၌ သတ်မှတ်အရွယ်အစားမမီသော ရွှံ့ကဏ္ဍန်းများ ပြန်လည်မျိုးစိတ်ထည့်ခြင်း အခမ်းအနားကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမြင့်ရွှေက မျိုးစိတ်ထည့်ခြင်း ရည်ရွယ်ချက်၊ သတ်မှတ်အရွယ်အစားမမီသည့် ၁၀၀ ဂရမ် အောက် ကဏန်းများ ဖမ်းဆီးရောင်းဝယ်ခြင်း မပြုလုပ်ရေးနှင့် ကဏန်းနှင့် ရေသတ္တဝါများ မျိုးပြန်းတီးရေးအတွက် ဒီရေတောများ ထိန်းသိမ်းရေးတို့ကို ပညာပေး ဆွေးနွေးသည်။

အခမ်းအနားသို့ ကျေးရွာဥက္ကဋ္ဌ ဦးစိုးစိုးဦးနှင့်အဖွဲ့ဝင်များ၊ ကဏန်းအဝယ်ခိုင်လုပ်ငန်းရှင်များ၊ ကဏန်းဖမ်း ရေလုပ်သားများနှင့် မိသားစုများ တက်ရောက်ကြပြီး ကဏန်းကောင်ရေ ၅၀၀၀ ကျော်ကို ညောင်ပင်ကွင်းချောင်းအတွင်းသို့ မျိုးစိုက်ထည့်သည်။ (အပေါ်ပုံ)

(ခရိုင် ပြန်/ဆက်)

သေးတဲ့ငါးကို ကြီးစေလို ငါးသန်ဆို မဖမ်းနဲ့

ရောဝတီမြစ်ကူး အနော်ရထာတံတား (ချောက်) ရေလမ်းကြောင်း ပြောင်းလဲ သတ်မှတ်

ရန်ကုန် ဇူလိုင် ၁၇

ရောဝတီမြစ်ကူး အနော်ရထာတံတား(ချောက်)ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို အနှစ်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားသည်။

ပြောင်းလဲသတ်မှတ်

ယခုအခါ ဧရာဝတီမြစ်ရေတိုးလာပြီး ရေစီးန္ဒန်းနှင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၀ရက်မှစ၍ အနှစ်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄) နှင့် (၅)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇မီတာရှိသည်။

ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစီးခံရောင်တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

သတိပေးန္ဒိုးဆော်

ပြောင်းလဲမည့် ရေလမ်းကြောင်းအသစ်မှာ တံတား၏ အထက်ဘက်ရှိ ယောချောင်းနှင့် နီးကပ်စွာ ဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကူးခိုကို အထူးဂရုပြုရန်လိုသည်။ အနုန်/အဆန် ရေယာဉ်များ အနေဖြင့် ယောချောင်းရေကူးခိုကိုတွင် တံတားကို လုံးဝဖြတ်သန်းခြင်း မပြုရန် သတိပေးန္ဒိုးဆော်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခဲမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅မေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းချိတ်ဆွဲဖြတ်သန်းကြရန် အပြင် အနုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်ဝမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရှင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးန္ဒိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဇူလိုင် ၁၇

ယနေ့နံနက် ဥရာဝိန္ဒဒေဆို မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးပိုင်းနှင့် မကွေးတိုင်း တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကွား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ဧရာဝတီတိုင်းတွင် ဒေသအလိုက်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင် နေရာကွက်၍ မိုးကြိုးခဲ့သည်။

မုတ်သားဖွယ်ရာမိုးရေချိန်များမှာ ဥမြို့တွင် ၄၁၁မလက်မ၊ ထားဝယ်မြို့တွင် ၃၃၁မ ၅၁လက်မ၊ ညောင်တုန်းမြို့တွင် ၃၃၁မ ၁၀လက်မ၊ ရေးမြို့နှင့် ငါးသိုင်း ချောင်းမြို့တို့တွင် ၃၃၁မ ၀၃လက်မစီ၊ မော်လမြိုင်မြို့နှင့် ကိုက်ဒူကျွန်းတို့တွင် ၂၃၁မ ၈၀လက်မစီနှင့် ရွှေကျင်မြို့တွင် ၂၃၁မ ၆၀လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်ဒေသအခြေအနေမှာ ကမ္ဘလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်ဒေသတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိသည်။

ဇူလိုင် ၁၈ရက်ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကိုပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကွား၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာလုံရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာလုံရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာလုံရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာလုံရာနှုန်း ၆၀ဖြစ်သည်။

အကြမ်းဖက်တိုက်ဖျက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပါကစ္စတန်နှင့် အာဖဂန်ခေါင်းဆောင်များ ဆွေးနွေး

ရှမ်အယ်လ်ရှိတ်(အီဂျစ်) ၉လိုင် ၁၇

အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့တွင် အကြမ်းဖက်တိုက်ဖျက်ရေးပိုမိုလုပ်ဆောင်ကြရန်နှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ကြရန်အတွက် ပါကစ္စတန်သံကြီးချုပ် ရာဇာဂီလာနီနှင့် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းတို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက ၉လိုင် ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံခေါင်းဆောင်များမှာ ဘက်မလိုက်လွှဲရှားမှုအဖွဲ့၏ (၁၅)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် အီဂျစ်နိုင်ငံသို့ ရောက်ရှိလာစဉ် အစည်းအဝေးပြင်ပ၌ တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။ တုရကီနိုင်ငံ အစ္စတန်ဘူလ်မြို့နှင့် အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် တုရကီနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များမှာ ၂၀၀၈ခုနှစ် အောက်တိုဘာလကလည်း တွေ့ဆုံဆွေးနွေးခဲ့သေးကြောင်း သိရသည်။ **(အင်တာနက်)**

ဆက်စပ်နေ

ပါကစ္စတန်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး တည်ဆောက်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပါကစ္စတန်နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် ခံယူထားပါကြောင်း၊ နှစ်နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းရေးမှာ ခွဲခြား၍ မရအောင် ဆက်စပ်နေပါကြောင်းဖြင့် ရာဇာဂီလာနီက ပြောကြားခဲ့သည်။

အကြမ်းဖက်မှုများကို သုတ်သင်ဖယ်ရှားရန်မှာ စစ်ဘက်ဆိုင်ရာ တိုက်ခိုက်မှုများနှင့်ပင် မဖြစ်နိုင်ကြောင်းဖြင့် နှစ်နိုင်ငံ

ရုရှားအလှမယ်

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် ၂၀၀၉ခုနှစ် အလှမယ်ပြိုင်ပွဲတွင် ရွေးချယ်ခံရသူအလှမယ်တစ်ဦးကို ၉လိုင် ၁၆ရက်က တွေ့ရစဉ်။(အင်တာနက်ဓာတ်ပုံ)

ဆိုမာလီရေပိုင်နက်၌ ပင်လယ်ဓားပြနှိမ်နင်းရေး တောင်ကိုရီးယား ဖျက်သဘော်စေလွှတ်

ဆိုးလ် ၉လိုင် ၁၇

ဆိုမာလီရေပိုင်နက်အတွင်း၌ ပင်လယ်ဓားပြများနှိမ်နင်းရေးအတွက် တောင်ကိုရီးယားနိုင်ငံမှ ဖျက်သဘော်တစ်စင်း စေလွှတ်ကြောင်း ၉လိုင် ၁၅ရက်တွင် ရောတပ်ဌာနချုပ်က ပြောကြားသည်။

ဆောင်မြင်

ယခုနှစ် ဧပြီလကတည်းက တုရကီကမ်းလွန်ရှိ အေဒင် ပင်လယ်ကွေ့၌ ပင်လယ်ဓားပြနှိမ်နင်းမှု စစ်ဆင်ရေးကို တောင်ကိုရီးယားနိုင်ငံမှ ဖျက်သဘော်နှင့် ပြောက်ကြိမ်တိုင်တိုင် ဆောင်မြင်စွာဆင်နွှဲခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

ယင်းရေကြောင်းဆိုင်ရာနှင့် ပင်လယ်ဓားပြများ နှိမ်နင်းရေးပြဿနာများ ကိုင်တွယ်ဖြေရှင်းရန် တောင်ကိုရီးယားရောတပ်နှင့် အမေရိကန်ဦးဆောင်သည့် အထူးတပ်ဖွဲ့တို့ ပူးပေါင်းကာ ဒေသအတွင်း လှေကျင်မှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

ရောင်စုံပန်းအလှ

တရုတ်နိုင်ငံမြောက်ပိုင်း တန်ကျင်မြို့ လောင်ချန်ပန်းဥယျာဉ်၌ စွဲမက်ဖွယ်ကောင်းသည့် ရောင်စုံပန်းအလှများကို ၉လိုင် ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ စ တော့ ရှယ် ယာ ရေး ဂွက် တွင် ရယ် ယာ ရှင် များ စ တော့ ရှယ် ယာ ရောင်းဝယ်နေသည်ကို ၉လိုင် ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နိုင်ငံ ကူဒက်ပြည်နယ်၌ လေယာဉ်ပျက်ကျ

ကဘူးလ် ၉လိုင် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကူဒက်ပြည်နယ်၌ ကင်းထောက်လေယာဉ် တစ်စင်း၊ ၉လိုင် ၁၆ ရက်တွင် ပျက်ကျခဲ့ကြောင်း ဒေသဆိုင်ရာ ရဲးအဖွဲ့က ပြောကြားသည်။

ဆုံးရှုံးမှုမဖြစ်ပေါ်ခဲ့

ယင်းနေ့ နံနက်စောစောပိုင်းက ကင်းထောက်လေယာဉ်သည် ချာဒါရာဒေသ၌ ပျက်ကျခဲ့ရာ တစ်စုံတစ်ရာ တစ်ဦး တစ်ယောက်မျှ ပျက်စီးမှုနှင့် အသက်ဆုံးရှုံးမှု မဖြစ်ပေါ်ခဲ့ကြောင်း ဒေသအာဏာပိုင်၏ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ပထမအကြိမ်ပျက်ကျ

အာဖဂန်နိုင်ငံ အရှေ့ပိုင်း၌ လေယာဉ်ပျက်ကျမှုများ မြစ်ဖွားခဲ့သော်လည်း မြောက်ပိုင်းဒေသ၌ ပထမအကြိမ် ပျက်ကျခြင်း သာဖြစ်ကြောင်း အဆိုပါသတင်းဌာန ဖော်ပြသည်။

ကူဒက်ပြည်နယ် ချာဒါရာဒေသသည် တာလီဘန်လက်ဖက်ကိုင် အများစုနေထိုင်ရာ ဒေသဖြစ်ပြီး အာဖဂန်တပ်မွှေမှ ကြောဇောစမ်မှတ်ထားရှိသည်။ **(အင်တာနက်)**

ဖွံ့ဖြိုးပြီးနိုင်ငံများမှ အလုပ်သမား သန်း ၃၀ ၂၀၀၇ မှ ၂၀၁၀ကာလအတွင်း အလုပ်လက်မဲ့ဖြစ်ဖွယ်

ဘရာဆီးလီးယား ၉လိုင် ၁၇

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၂၀၀၇ခုနှစ်အကုန်မှ ၂၀၁၀ပြည့်နှစ်အကုန်အထိ အလုပ်သမားသန်း ၃၀ခန့် အလုပ်အကိုင်ဆုံးရှုံးကာ အလုပ်လက်မဲ့ဖြစ်စည်ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းသည် အဆိုးရွားဆုံး ကျဆင်းခဲ့သည့်အခြေအနေမှ နှစ်ဂုဝအတွင်း အခြေအနေ ပြန်မကောင်းလာနိုင်ဆေးသည်ကို ဒီးဇောင်းထိုးပြနေသောကြောင့်ဖြစ်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (ဆိုဆီးစီဒီ)က ၉လိုင် ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

အကျိုးဆက်

အလုပ်အကိုင်ဆုံးရှုံးမှုသည် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအား စီးပွားရေးကျဆင်းမှုကိုဖြစ်ပေါ်စေသည့် အဓိကအကျိုးဆက် တစ်ရပ်ကြောင့် ဖြစ်ကြောင်း ဆိုဆီးစီဒီ၏ အတွင်းရေးမှူး ချုပ် ဆိန်ဂျယ်လ်ဂါရီယာက ယင်းနေ့တွင် ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြောကြား

မိမိတို့ဆွေးနွေးနေသော လူ့အခြောက်အခြား အလုပ်လက်မဲ့ဖြစ်မည့်အရေးသည် နေရာဒေသတိုင်းတွင် ဖိအားများဖြစ်ပေါ်စေခဲ့ကြောင်း ဆိုဆီးစီဒီက ဘရာဆီးလီးယားဖြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပတွင် ဂါရီယာက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ်အင်နဲ့အေရှိက်တာ

စီးပွားရေးစစ်တမ်းထုတ်ပြန်ခဲ့ရာ ဘရာဆီးလီးယားဖြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပတွင် ဂါရီယာက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ်အင်နဲ့အေရှိက်တာ

ယန်ဇီမြစ်ဖြတ်ကျော် ရေကူးပွဲတော် ပြိုင်ပွဲဝင် ၇၀၀ကျော် ပါဝင်ဆင်နွှဲ

ဥဟန် ၉လိုင် ၁၇

တရုတ်နိုင်ငံ ဥဟန်မြို့တွင် ၉လိုင် ၁၆ရက်က ယန်ဇီမြစ်ဖြတ်ကျော် ရေကူးပြိုင်ပွဲတစ်ရပ်ကျင်းပခဲ့ရာ ပြည်တွင်းပြည်ပမှ ပြိုင်ပွဲဝင်သူပေါင်း ၇၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။

ယခုကျင်းပသည့် ပြိုင်ပွဲမှာ (၃၆)ကြိမ်မြောက် ယန်ဇီမြစ်ဖြတ်ကျော် ရေကူးပွဲတော်၏ ပိတ်ပွဲအခမ်းအနားအဖြစ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မိုးသည်းထန်စွာရွာသွန်း၍လမ်းပျက်စီးပိတ်ဆို့

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်အရှေ့တောင်ပိုင်း ကီလိုမီတာ ၄၂၀အကွာရှိ ဘူစန်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် လမ်းများပျက်စီးပိတ်ဆို့ကာ ယာဉ်အပျက်အစီးများ ဖြစ်ပေါ်ခဲ့ သည်ကို ၉လိုင် ၁၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြိတိန်အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးရောက်ရှိ

လန်ဒန် ၉လိုင် ၁၇

ပြိတိန်နိုင်ငံတွင် ပြီးခဲ့သည့်ရှစ်လအတွင်းက ခန့်မှန်းထားသည်ထက် အလုပ်လက်မဲ့ဦးရေ လျော့နည်းခဲ့သည်ဟု လူအများအပြားက အဓိပ်္ပာယ်ဖွင့်ကြားနေကြသည်။

၁၉၉၇ခုနှစ် ဧန်နဝါရီလ ကတည်းက ၁၂နှစ်တာကာလအတွင်း အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးဖြစ်သည့် ဂုဒသမဖြစ်ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း အချိုးသားစာရင်းအင်းဌာန(ဆိုအင်အိန်စ်)က ၉လိုင် ၁၅ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် မတ်လမှဧလေးအတွင်း ပြိတိန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ယင်းကာလ မတိုင်မီ သုံးလကထက် ဝဒသမဂုဏ်ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယဖန်နှစ် အလားတူကာလက ထက် ၂ဒသမ ၄ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ဇွန်လအတွင်းက ပြိတိန်နိုင်ငံတွင် အလုပ်လက်မဲ့ဦးရေသည် ဆိုအင်နီအက်စ် စာရင်း ဇယားများအရ ၃၃၈၀၀အထိ မြင့်တက်ခဲ့သော်လည်း ဆန်းစစ်လေ့လာသူများ ခန့်မှန်းသည့် ၄၀၅၀၀ထက် လျော့နည်းခဲ့သည်ဟု ဆိုသည်။ အမ်အင်နဲ့အေဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

အမေရိကန် နယူးဂျာစီပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဂျာစီစီးတီးမြို့တွင် ဇူလိုင်၁၇ရက် နံနက်က မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာသော သေနတ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေနတ်သမားနှစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း နယူးဂျာစီပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျပန်မြောက်ပိုင်း၌ တောင်တက်သမား၁၀ဦးသေဆုံး

ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးဂျွန်းပေါ်ရှိ တောင်နှစ်လုံးပေါ်သို့ တက်နေသော တောင်တက်အဖွဲ့မှ တောင်တက်သမား ၁၀ ဦးသေဆုံးခဲ့ကြောင်း၊ နှစ်ဦးမှာ အမြင့် ၂၀၅၂ မီတာမြင့်သော ဘီဒီတောင်ပေါ်၌ သေဆုံးနေခြင်းဖြစ်ပြီး နောက်ထပ် တောင်တက် သမားရှစ်ဦးမှာ အမြင့် ၂၀၄၁ မီတာမြင့်သော တိုမူယာရှီတောင်ပေါ်၌ သေဆုံးနေခြင်း ဖြစ်သည်။ ယင်းတောင်တက်သမားများမှာ ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းဒေသများတွင် ဇူလိုင် ၁၇ရက် နံနက် ၁၁ နာရီခန့်က လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ပြည်တွင်းလေယာဉ်ခရီးစဉ် ၁၅၃ ဖျက်သိမ်းခဲ့ရပြီး နေအိမ်များလည်း ရေနစ်မြုပ်ခဲ့ကြောင်း ဖိလစ်ပိုင်ဝိုင်းလေသင်္ဘနှမှ အရာရှိများက ပြောကြားသည်။

အေဒင်ပင်လယ်ကွေ့၌ အိန္ဒိယနှင့်ပြင်သစ်ကင်းလှည့်

အေဒင်ပင်လယ်ကွေ့တွင် ပင်လယ်ဓားပြများရန်မှ ကင်းဝေးရန် အိန္ဒိယနှင့် ပြင်သစ် ရေတပ်သင်္ဘောများက ဇူလိုင် ၁၇ရက်မှစတင်ကာ ကင်းလှည့်ဆင်ဝေးများ ပြုလုပ်နေပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အိန္ဒိယတောင်ပိုင်း၌ ရေလွှမ်း၍ ၁၇ဦးသေဆုံး

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာမာဘာတာပြည်နယ်တွင် ဇူလိုင်၁၇ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားပြီး ဒေသခံ ၁၇ဦးသေဆုံးကာ နေအိမ်အများအပြား ရေနစ်မြုပ်ခဲ့သည်။ (အပေါ့)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ ဗုံးများပေါက်ကွဲ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ နိုင်ငံတကာအဆင့်မီဟိုတယ်များအနီးတွင် ဇူလိုင် ၁၇ရက်က ဗုံးများပေါက်ကွဲမှုဖြစ်ပွားရာ နိုင်ငံခြားသားဧည့်သည်များ အပါအဝင် ၁၉ဦး သေဆုံးပြီး လူ၅၀ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ပါကစ္စတန် ဆဝပ်တောင်ကြားခြင်း အကြမ်းဖက်သမားများပမာမိ

ပါကစ္စတန်နိုင်ငံ ဆဝပ်တောင်ကြားသို့ ဇူလိုင်၁၇ရက် နံနက်က အကြမ်းဖက် တိုက်ခိုက်ရေးသမား ၁၇ဦးကို ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးမိခဲ့ကြောင်း၊ ယခု ရက်ပိုင်းအတွင်း၌ အများဆုံးဖမ်းမိသည့် အကြမ်းဖက်သမားများဖြစ်ကြောင်း သိရသည်။

တရုတ်၌ လျှပ်ပြေးရထားများ ပြေးဆွဲမည်

တရုတ်နိုင်ငံ ပေကျင်းမြို့ ဆင်ခြေဖုံးဆရပ်များအထိ လျှပ်ပြေးသံလိုက်ရထားများ ပြေးဆွဲရန် စတင်စမ်းသပ်လျက်ရှိသည်။ ယင်းလျှပ်ပြေးသံလိုက်ရထားသည် တစ်နာရီ လျှင် မိုင်၅၀၀အထိ မောင်းနှင်နိုင်ကြောင်း သိရသည်။

* ရွေ့ပုံးမှ

တည်ဆောက်ထား

ဝါးတောရေထိန်းတံခါးမှာ မဒူပင်မြို့နယ် မြောက်ဘက်တွင်တည်ရှိပြီး ဝါးတောကျေးရွာအုပ်စု ခန်ဒေါင့်ရွာအနီး၌ တည်ဆောက်ထားခြင်းဖြစ်သည်။ ဝါးတောရေထိန်းတံခါး၏ ထိပ်ဝအကျယ်မှာ ပေ ၆၀ရှိပြီး ရေပေးမြောင်း အရှည်မှာ နှစ်မိုင်ခန့်ရှိသည်။ ယင်းရေပေးမြောင်းတစ်လျှောက် လယ်ကွင်းများနှင့် ဥယျာဉ်ခြံများသို့ ရေသွယ်မြောင်းပေါင်း ၅၀ကျော် ဖောက်လုပ်ထားသည်။

ဝါးတောရေထိန်းတံခါးမှာ မိုးရာသီတွင် မိုးရေနှင့် မြစ်ရေများကြောင့် လယ်ယာနှင့် ဥယျာဉ်ခြံများအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် ပိတ်ထားပြီး နွေရာသီ၌သာ စိုက်ပျိုးရေရရှိရေးအတွက် ရေတံခါးကို ဖွင့်၍ ဖြည့်ဆည်းပေးရသည်။

"ဝါးတောရေထိန်းတံခါးကို ကျွန်တော်တို့ မဒူပင်မြို့နယ် ဆည်မြောင်းဦးစီးဌာန အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်မှုပြုလုပ်နေပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေလုံလုံလောက်လောက် ရရှိစေဖို့အတွက်လည်း ပုဂ်္ဂိုးမူမရှိဆောင် အမြဲတမ်း ကြီးကြပ်နေပါတယ်" ဟု မဒူပင်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းဆော်က စကလေ့ပေါ်၌ ရှင်းပြသည်။

အားကိုးစိုက်ပျိုး

မဒူပင်မြို့နယ်အတွင်း၌ ဝါးတောရေထိန်းတံခါးမှ ရေကိုအားကိုးပြီး စိုက်ပျိုးရသော ကျေးရွာအုပ်စုများမှာ မလက်တို၊ တမွတ္တနောင်ကြီး၊ တမွတ္တနောင်လေး၊ ဖိုးရာဝဲ၊ ကွန်ဒိုင်းလေးနှင့် တလုပ်လယ်အရှေ့ကျေးရွာအုပ်စုများဖြစ်သည်။

"ဝါးတောရေထိန်းတံခါးကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က ၁၉၉၈ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး နောက်ပိုင်းမှာ ကျွန်တော်တို့က ဆက်လက်ထိန်းသိမ်း

စပါးစိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ရေဖူလုံစွာ ပေးနိုင်သည့် မဒူပင်မြို့နယ်ရှိ ဝါးတောရေထိန်းတံခါးမှ ရေပေးမြောင်းကို မြင်တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဖော်ဆောင်ရောက်နေတာဖြစ်ပါတယ်။ ဝါးတောရေထိန်းတံခါးမှ ရေကို လယ်ယာနဲ့ ဥယျာဉ်ခြံမြေ ကောစစ်သောင်းခွဲခန့်က စိုက်ပျိုးရေးယူသုံးခွဲနေပါတယ်"ဟု ဦးသိန်းဆော်က ဆက်လက်ရှင်းပြသည်။

စိမ်းစိုမှု

ဝါးတောရေထိန်းတံခါး၏ ရေပေးမြောင်းမှာ ဖြောင့်တန်းနေပြီး ရေပေးမြောင်း အကျယ်မှာ ပေ ၅၀ခန့် ရှိသည်။ တသွင်သွင်စီးဆင်းနေသော ဝါးတောရေထိန်းတံခါး၏ ရေပေးမြောင်းတစ်လျှောက် ဝဲယာတွင် စိမ်းစိုနေသော လယ်ကွင်းများ၊ ဥယျာဉ်ခြံများ၊ ဟင်းသီးဟင်းရွက် စိုက်ခင်းများကို တစ်မျှော်တစ်ခေါ်မြင်တွေ့ရသည်။

ဝါးတောရေထိန်းတံခါးကြောင့် မိုးရာသီရေလွှမ်းမှုလည်း ကာကွယ်ပေးနိုင်သည့်အပြင် နွေရာသီ၌ စိုက်ပျိုးရေ ရှားပါးပြတ်လပ်မှုမရှိစေရန်လည်း ဖြည့်ဆည်းပေး နိုင်သည်။ နွေရာသီတွင် အမြဲရှိမရွေ့ဆောင်ရေကို ပေးနိုင်စွမ်းရှိသည့် ရေထိန်းတံခါးလည်း ဖြစ်သည်။

ဒုက္ခကင်းဝေး

ဝါးတောရေထိန်းတံခါး မတည်ဆောက်မှီ၌က မြစ်ရေလွှမ်းမှုကို စိုက်ကေ ရာပေါင်းများစွာ ခံခဲ့ရသည်။ ဆန်စပါးနှင့်စားပင်သီးပင်များ ပျက်စီးမှုရှိခဲ့သည့်အပြင် စိုက်ပျိုးရာသီ မဟီသောအဖြစ်များကြုံတွေ့ခဲ့ရသည်။ ယခုအခါ ဝါးတောရေထိန်းတံခါး တည်ဆောက်ပြီး နောက် ယင်းဒုက္ခများ ကင်းဝေးခဲ့ပြီဖြစ်သည်။

ဤသို့ဖြင့် ဝါးတောရေထိန်းတံခါး၏အကျိုးကြောင့် တောင်သူများစိုက်ပျိုးရှိနှုန်းပြီး ရေလုံအပ်သည့်အချိန် ရေပေးဝေနိုင်ခဲ့ပြီဖြစ်ရာ တောင်သူတို့အကျိုးစီးပွားကို တိုးပွားစေသည့် ရေထိန်းတံခါးဖြစ်ပါကြောင်း ကွင်းဆင်းခရီးတစ်ထောက် ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ဝန်ကြီး ပိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ၈လိုင် ၁၇

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့သန ၃ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် ရုံးအဖွဲ့မှူးဦးမြင့်ဦးက ယခင်လ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပါ ဆုံးဖြတ်ချက်များ ဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ယင်းနောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြိုးမြင့်နှင့် အပြည်ပြည်ဆိုင်ရာ ဗေဒင်ဗဟုဿုသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်တို့က မိမိတို့ဌာနအလိုက် သာသနာရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်နှင့်တိုင်းများမှ သာသနာရေးမှူးများနှင့် အကြံပေးပုဂ္ဂိုလ်ဦးဦးမောင်တို့က သာသနာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

မြစ်ကမ်းဆင့်ဟောင်းမှ တွေ့ရှိရသော ကျောက်ခေတ်ဟောင်းလက်နက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❐ ကျောင်းမှ

ရာမွေဖော်ထုတ်

မြန်မာ့ကျောက်ခေတ်ဟောင်း (ခေါ်) ကျောက်ကြမ်းခေတ် သို့မဟုတ် ကျောက်ခေတ်ဦး အထောက်အထားများကို ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရာမွေဖော်ထုတ်ခဲ့ရာတွင် ယခုကွင်းဆင်းရာမွေမှ လုပ်ငန်းသည် ဒုတိယအကြိမ်ဖြစ်သည်။ ကွင်းဆင်းရာမွေခဲ့သည့် နေရာဒေသများမှာ ကောင်ဘာကဆုံးပိုင်း(ဖောက်ပိုင်း) ပြည်မြို့ပတ်ဝန်းကျင်မှစ၍ မြောက်ဘက်အကျဆုံးပိုင်း (ဆထက်ပိုင်း)ဝခုက္ကုမြို့ ပတ်ဝန်းကျင်အထိ နေဝေဘီမြစ်၏ ဘေးပတ်ဝန်းကျင် မြစ်ကမ်းဆင့်ဟောင်းများ၌ ဖြစ်သည်။

ကွင်းဆင်း

ကွင်းဆင်းခရီးစဉ်အတွင်း ဆင်ပေါင်ဝဲ၊ မိကျောင်းရဲ၊ ကွေကြောင်း၊ မင်းလှ၊ မင်းဘူး၊ ကျပင်းမြို့ဟောင်းဒေသတို့နှင့် ပခုက္ကူဒေသတစ်ဝိုက်မှ ကျောက်လက်နက်ကိရိယာ စုစုပေါင်း ၁၆၉ခု စုဆောင်းရရှိခဲ့သည်။ ထို့လက်နက်ကိရိယာ အထောက်အထားများသည် ယခင်ကွင်းဆင်းရာမွေ တွေ့ရှိခဲ့သော ကျောက်လက်နက် ကိရိယာများနှင့် ပုံသဏ္ဌာန် အရွယ်အစားအားဖြင့် လည်းကောင်း၊ တွေ့ရှိရာ ဆောက်ခံမြေညွှာ အနေအထားများနှင့် လည်းကောင်း နှိုင်းယှဉ်လေ့လာမှုအရ အစောပိုင်းနှင့် နောင်းပိုင်း အညာသား ယဉ်ကျေးမှုနှင့် သက်ဆိုင်မှု ရှိကြောင်း အကြမ်းအားဖြင့် သိရှိရသည်။

ခွဲခြားလေ့လာ

ထို့အပြင် အညာသားကျောက်ခေတ် လက်ရာ အထောက်အထားများဆိုင်ရာ လက်နက်ကိရိယာ အမျိုးအစားများအဖြစ် ခုတ်ထစ်၊ ခုတ်ဝင်းကိရိယာ(Chopper Chopping Tool)၊ လက်သုံးပဲခွပ် (Hand Adze)နှင့် ကျောက်ခြစ် (Scraper)ဟူ၍ ခွဲခြားလေ့လာ တွေ့ရှိရသည်။

ထူးခြားသော တွေ့ရှိချက်မှာ ပခုက္ကူမြို့အနောက်ဘက် လယ်ယာရွာ၏ အနောက်မြောက်ဘက်ရှိ မြစ်ကမ်းဆင့် ဟောင်း အမှတ်(၃)၏ အောက်ခြေဆင်ခြေလျော (မြစ်ကမ်းဆင့်-၄) ခြေလှောမှ နောင်းပိုင်း အညာသား ယဉ်ကျေးမှုအဆင့် (၂)နှင့် သက်ဆိုင်သော ကျောက်လက်နက်များဖြစ်သည်။ ထိုလက်နက်ကိရိယာများသည် ဖဲ့ဆစ်ရာများပြီး ပိုမိုအသွားပေါ်အောင် ပြုလုပ်ထားကာ အရွယ်အစားအားဖြင့် သေးငယ်သည်။ ယင်းတို့အနက်မှလေးထောင့်ဆန်သန့်သွေးထားသော အင်ကြင်းကျောက် ပြားလက်နက်တစ်ခုကိုလည်း တွေ့ရသည်။

ညှိနှိုင်းဆောင်ရွက်

အဆိုပါ ကွင်းဆင်းသုတေသနလုပ်ငန်းအဖွဲ့သည် စုဆောင်းရရှိခဲ့သည့် ကျောက်လက်နက်ကိရိယာတို့ကို အမျိုးအစားခွဲခြားခြင်း၊ တိုင်းတာခြင်း၊ မှတ်တမ်းတင်ခြင်း စသည့် ပထာမဓလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ နှိုင်းယှဉ်လေ့လာမှု(Comparative Study)အရ ရှိနေပြီးဖြစ်သော အညာသား ယဉ်ကျေးမှု၏ သက်တမ်းကို ခေတ်မီသိပ္ပံနည်းကျ သက်တမ်းတွက်ချက်နည်း (Scientific Dating)များဖြင့် ဖော်ထုတ်နိုင်ရန် အခြားပညာရပ်များနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

ယခုကွင်းဆင်းခရီးစဉ်မှ ပိုမိုကျယ်ပြန့်သော အညာသားယဉ်ကျေးမှု၏ နယ်မိစိတ်ဒေသများကို စူးစမ်းရှာဖွေနိုင်ခဲ့သည်။ ယခုရှာဖွေတွေ့ရှိခဲ့သော ကျောက်လက်နက်ကိရိယာများမှာ ယခင်တွေ့ရှိခဲ့သော လက်နက်ကိရိယာများနှင့် နှိုင်းယှဉ်လျှင် အရေအတွက်နည်းသော်လည်း သမိုင်းတင်မီခေတ် ကျောက်ခေတ်ဦး၏ ယဉ်ကျေးမှုဖြစ်စဉ်များကို ကောင်းစွာ ဖြည့်ဆည်းနိုင်စွမ်းရှိသည်။

မှတ်သားဖွယ်ရာမိုးရေချိန်

၁၇-၇-၂၀၀၉

ပြင်မြို့	
၄ ဒသမ ၂၅ လက်မ	
ထားဝယ်	
၃ ဒသမ ၅၁ လက်မ	
ညောင်တုန်း	
၃ ဒသမ ၁၀ လက်မ	
ငါးသိုင်းချောင်း	
၃ ဒသမ ၀၃ လက်မ	
ကိုကိုးကျွန်း	
၂ ဒသမ ၈၀ လက်မ	
ရွေကျင်	
၂ ဒသမ ၆၀ လက်မ	

ကျန်းမာရေး ဟောပြော ခြင်ဆေးဖျန်း

ကျောက်တံခါး၊ ၈လိုင် ၁၇

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေး ပညာပေး ဟောပြောခြင်းနှင့် ခြင်ဆေး ဖျန်းပက်ခြင်းလုပ်ငန်းကို ဇွန် ၁ ရက်က နွားရေချောင်းကျေးရွာတွင် ပြုလုပ်ရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးလွိင်လွိင် ဦးနှင့် ဌက်များကြီးကြပ်ရေးမှူး ဦးစိုးလွင် တို့က ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဆက်လက်သုတေသနပြု

ယဉ်ကျေးမှုနယ်ကြီးဌာနအနေဖြင့် အခြားသောခေတ်ပြိုင် ကျောက်ခေတ်ဟောင်းယဉ်ကျေးမှုဖြစ်စဉ်များနှင့်အညီ မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှုအဆင့်ဆင့်ကို ခိုင်လုံစွာဖြည့်ဆည်းပေးနိုင်ရေး၊ ကျောက်ခေတ်ဟောင်းယဉ်ကျေးမှု အထောက်အထားများကို ကွင်းဆင်းရှာဖွေစုဆောင်းရန်နှင့် လက်တွေ့လေ့လာ သုတေသနပြုနိုင်ရေး၊ ကွင်းဆင်းရှာဖွေရရှိသည့် အထောက်အထားများကို လေ့လာသုတေသနပြုပြီးသောအခါ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် သက်ဆိုင်ရာရေးဟောင်း သုတေသနနှင့် ယဉ်ကျေးမှုပြတိုက်များ၌ စနစ်တကျ ခင်းကျင်းပြသနိုင်ရေးတို့ကို ရည်မှန်းလျက် အညာသားယဉ်ကျေးမှု၏ ပထဝီဝင်ဆိုင်ရာ နယ်နိမိတ်ပုံစံ (Geographical Boundary of Anyathian Culture)နှင့် အညာသားကျောက်လက်နက်ကိရိယာတို့၏ အရည်အလာကို ယဉ်ကျေးမှုဝန်ကြီးဌာနက ဆက်လက် သုတေသနပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပခုက္ကူမြို့မှရရှိသည့် အဆောပိုင်းနှင့် နောင်းပိုင်း အညာသား ကျောက်လက်နက် ကိရိယာများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အာကာသသိပ္ပံ

၂၁ ရာစု၏ အခိုန်အကြာဆုံး နေကြတ်မှု မြင်တွေ့ရတော့မည်

ဘာသာပြန်မှတ်စု - မိုးမြင့်လင်းလက် | စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း

၂၁ရာစုရဲ့ အခိုန်အကြာဖြင့်ဆုံး နေကြတ်ခြင်းကို လာမည့် ဇူလိုင် ၂၂ ရက်၌ ကမ္ဘာ့နိုင်ငံအချို့မှ မြင်တွေ့ကြရတော့မည် ဖြစ်သည်။ အထူးသဖြင့် အာရှနိုင်ငံအချို့တွင် ထင်ထင်ရှားရှားနှင့် အခိုန်အကြာဆုံး မြင်တွေ့ရမည်ဖြစ်ရာ ယင်းနိုင်ငံများသို့ ကမ္ဘာလှည့်ခရီးသွားများက နေကြတ်ခြင်းကို စောင့်ကြည့်ရန် ဇူလိုင် ၁၇ ရက်ကမှ စတင်ကာ တဖွဲ့ဖွဲ့ရောက်ရှိနေကြပြီ ဖြစ်သည်။

ထူးထူးခြားခြားဖြစ်ရပ်

နေကြတ်ခြင်းကို တရုတ်နိုင်ငံ အနောက်ဘောင်ပိုင်းဒေသများ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့တွင်လည်း မြင်တွေ့ရမည်ဖြစ်သည်ဟု ဥရောပအာကာသ နက္ခတ်ပညာရှင်များက သတင်းထုတ်ပြန်ထားသည်။ ထို့အတူ နာဆာအာကာသ နက္ခတ်ပညာရှင်များကလည်း အာရှနိုင်ငံများအနေဖြင့် အခိုန်အကြာဆုံး နေကြတ်ခြင်းကို မြင်တွေ့ရမည်ဖြစ်ရာ ထူးထူးခြားခြားဖြစ်ရပ်ပင်ဖြစ်ကြောင်း ထောက်ကြားသည်။



အခိုန်ကြာမည်

လာမည့် ဇူလိုင် ၂၂ ရက်၌ နေကြတ်မည့်အခိုန်မှာ စုစုပေါင်း ခြောက်မိနစ်ခန့် ကြာမည်ဖြစ်သည်။ အခိုန်ခြောက်မိနစ်ကြာ နေကြတ်မှုကို အပြည့်အဝဆုံးဖြင့်တွေ့နိုင်မည်နေရာမှာ တရုတ်နိုင်ငံ အနောက်ဘောင်ပိုင်းဒေသဖြစ်သည်။ ယင်းဒေသမှ ချုံနွဲ့၊ ချုံကျင်း၊ ရွှန်ဟိုင်း၊ ဟန်ကျို့မြို့များပေါ်မှဖြတ်ကာ ဂျီကျင်းပြည်နယ် အရှေ့ပိုင်းဒေသများသို့ နေကြတ်မှုဖြစ်ပေါ်မည်ကို ထူးခြားစွာခြင်တွေ့ရမည်ဟု နာဆာအဖွဲ့မှလည်း သတင်းထုတ်ပြန်ထားသည်။

ရောက်ရှိ

၂၁ရာစုရဲ့ အခိုန်အကြာဆုံးနေကြတ်မှုကို အစအဆုံးစိတ်တိုင်းက့ စောင့်ကြည့်လေ့လာရန် တရုတ်နိုင်ငံရှိ ရှန်း၊ ချုံကျင်း၊ ရွှန်ဟိုင်းနှင့်ဟန်ကျို့မြို့များသို့ အဆေရိကန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသွား ၆၀၀ခန့်မှာ ဇူလိုင်လဆန်းမှ စတင်ရောက်ရှိနေပြီး အခြားဥရောပနိုင်ငံများဖြစ်သော အင်္ဂလန်၊ ပြင်သစ်၊ စပိန်၊ ဂျာမနီနှင့် အခြားနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားတစ်သိန်းခန့်ရောက်ရှိနေကြပြီ ဖြစ်သည်။

ရောင်းချ

ထိုသို့ အထူးခြားဆုံး နေကြတ်မှုဖြင်ကွင်းအား အကောင်းဆုံးကြည့်ရှုနိုင်သည့် ရှန်ဟိုင်းဥယျာဉ်အတွင်း အထူးကြည့်မျက်မှန်များ၊ ဖုန်ဘီလူးများနှင့် နေကြတ်မှုအတိမ်းအစောက် တီရှပ်အင်္ကျီများဝတ်ဆင်ကာ ကမ္ဘာလှည့်ခရီးသွားများ ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။ ယင်းသို့ နေကြတ်ခြင်းကို စီတ်တိုင်းကျကြည့်ရှုနိုင်ရန်အတွက် တစ်ဦးလျှင် အဆေရိကန်ဒေါ်လာ ၂၂ ဒေါ်လာ သတ်မှတ်ထားသည်။

နေကြတ်ခြင်းကို အကောင်းဆုံးမြင်တွေ့နိုင်သည့် တရုတ်နိုင်ငံ ဖြို့ကြီးများရှိ ဟိုတယ်များ ထူင် လက်ရှိရောက်ရှိနေသော ဧည့်သည်များ၊ ကြိုတင်မှာယူထားသော အခန်းများနှင့် ပြည့်နေကြဖြစ်သည်။

ပြင်ဆင်

ထို့အတူ အခြားအာရှနိုင်ငံများကလည်း ၂၁ရာစု၏ အခိုန်အကြာဆုံး နေကြတ်မှုကို စောင့်ကြည့်လေ့လာရန် ပြင်ဆင်မှုများဖြင့်လုပ်နေသကဲ့သို့ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များလည်း ရောက်ရှိနေကြပြီဖြစ်သည်။ ။

(အင်တာနက်)

ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဖြိတိန်နိုင်ငံမှ ဧည့်သည်တွေ့ဆုံ

နေပြည်တော် ၈လိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား ဖြိတိန်နိုင်ငံ Foreign and Common wealth Office, Assistant under Secretary of State, Mr. Asif Ahmad နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖြိတိန်နိုင်ငံသံရုံး သံရုံးယာယီဘာဝန်ခံ Mr. Jeremy Hodges တို့သည် ၈လိုင် ၁၄ရက် ၁၀ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းဝင် လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးလုပ်ငန်းများကို မေးမြန်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံရသည့်အတွက် ဝမ်းသာအားလျှော်စရပါကြောင်း၊ ကမ္ဘာ့လူဝင်ကွေးကပ်ရောဂါNew Influenza A(H1N1) ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကျေနပ်မှုရှိပါကြောင်းနှင့် HIV/AIDS၊ တီဘီနှင့် ငှက်များရောဂါကြိုးသုံးမျိုး ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကိုလည်း အားရမိပါကြောင်း၊ သုတေသနလုပ်ငန်းများအနေဖြင့်လည်း နိုင်ငံတကာအဆင့် မီတိုးတက်လျက်ရှိသည်ကို သိရှိရပြီး အစားအသောက်နှင့် ဆေးဝါးကြိုးကြပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကဏ္ဍ၏ တိုးတက်မှုကိုလည်း တွေ့မြင်ရပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နာရစ်မှန်တိုင်းလေသေးသင့်သေသများအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ချက်များကို သတင်းကောင်းများ ကြားသိရသည့်အတွက် အားရမိပါကြောင်း မြောကြားသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား ဖြိတိန်နိုင်ငံ Foreign and Common wealth office, Assistant under Secretary of State, Mr.Asif Ahmad နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖြိတိန်နိုင်ငံသံရုံး သံရုံး ယာယီဘာဝန်ခံ Mr.Jeremy Hodges တို့ လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တက်ရောက်ဖွင့်လှစ်

နေပြည်တော် ၈လိုင် ၁၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဇွန် ၃၀ရက် နံနက် စနှာ်ခြဲက မန္တလေးမြို့ ဗဟိုအမြိုးသမီးဆေးရုံကြီးအတွင်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဆေးရုံကြီး၌ သွေးလှဒါန်းမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖူလုံညီးများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်ကျေးရွာ စက်ရေတွင်းမှ ရေရယူသုံးစွဲ

ညောင်ဦး(ပုဂံ)မြို့နယ် မုန်တိုင်ကျေးရွာ ခြောက်လက်မစက်ရေတွင်းမှ ရေရယူသုံးစွဲမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အာဃာတ(၂) ကမာရွတ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ၈လိုင် ၁၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၈လိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်း တောခနဲးမဲ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအုန်းသွင်၊ ကျောင်းအုပ်ဆရာမကြီး ခေါ်မေလှရီ၊ မိဘဆရာအသင်းနာယကနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် မိဘဆရာအသင်း နာယကတစ်ဦးက ကျောင်းတွင်း စီမံအုပ်ချုပ်မှုအတွက် ကျောင်းအုပ်ဆရာမကြီးအား ဂုဏ်ပြုဆု ချီးမြှင့်သည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။ **(အောက်ပုံ)**

ဆက်လက်၍ မိဘဆရာအသင်း အမှုဆောင်၊ နာယကများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရရှိသူများနှင့် ကျောင်းတွင်း ပတ်လည်ဆု၊ ဘာသာရပ်ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြောင်း သိရသည်။

(သတင်းစဉ်)

အားမာန်သစ် စာကြည့်တိုက်ဖွင့်

စစ်ကိုင်း ၈လိုင် ၁၇

စစ်ကိုင်းမြို့နယ် ယင်းမာကျင်းအုပ်စု ပုဂံတုကျေးရွာ၌ အားမာန်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ရက် နံနက် ၉နာရီက အဆိုပါကျေးရွာတွင် ကျင်းပသည်။

ရောဝတီတိုင်း၌ လေဆင်နာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် အဆောက်အအုံအချို့ အမိုးနှင့်အကာများ ပျက်စီးမှုနှင့်ပတ်သက်၍ ထပ်မံရရှိသတင်း ထုတ်ပြန်

ဧရာပြည်တော် ၈လိုင် ၁၇

ဧရောဝတီတိုင်းအတွင်းရှိ အချို့မြို့နယ်များ၌ ၈လိုင် ၁၄ရက်က လေဆင်နာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့နှင့် အဆောက်အအုံအချို့ အမိုးအကာများပျက်စီးမှု၊ လူထိခိုက်ဒဏ်ရာရရှိမှု သတင်းများရရှိခဲ့သဖြင့် ၈လိုင် ၁၆ရက်တွင် သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

လေပြင်းများတိုက်ခတ်

ယနေ့ထပ်မံရရှိသော သတင်းများအရ ဟိုင်းကြီးကျွန်းမြို့နယ် ကျင်းကောရွာ၌ ၈လိုင် ၁၄ရက် နံနက် ၁၀နာရီမှ ၁၀နာရီ၁၀မိနစ်အထိ လေဆင်နာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့နှင့် အလုပ်သမားတဲအချို့ ပျက်စီးမှုရှိခဲ့ကြောင်း၊ ဓော်လဖြိုင်ကျွန်းမြို့နယ် ကဇောင်းဝရွာ၌ ၈လိုင် ၁၄ရက် မွန်းလွဲ ၂နာရီမှ ၂နာရီ ၁၀မိနစ်အထိ လေဆင်နာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့၊ စာသင်ကျောင်းအချို့ အမိုးများပျက်စီးမှုရှိခဲ့ကြောင်း၊ အိမ်ခဲမြို့နယ် ဟံသာကျေးရွာ၌ ၈လိုင် ၁၅ရက် နံနက် ၁၁နာရီ ၅မိနစ်မှ ၁၁နာရီ ၅၅မိနစ် ၂၀အထိ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုဒဏ်ကြောင့် လယ်ကွင်းအတွင်း ကောက်ရိုက်နေသူများအနက် ကောက်ရိုက်သမတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အိမ်ခဲမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ကူညီပံ့ပိုးဖြည့်ဆည်း

လေဘေးသင့်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ရောဂါဖြစ်ပွားမှုမှကာကွယ်ရန် မည်သည့်အချက်များကို လိုက်နာဆောင်ရွက်သင့်ပါသလဲ။

ဖြေ။ ။ ပြည်သူလူထုအားလုံးက တစ်ဦးချင်းအနေဖြင့် ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါမည်-

- တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း၊
- နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
- လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊
- ကောင်းစွာ အိပ်စက်အနားယူခြင်း၊
- အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊
- လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊
- လူထုထုဝေါသောနေရာနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- အရက်လွန်ကဲစွာ သောက်သုံးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊
- ရောဂါဖြစ်ပွားသူများနှင့် သံသယရှိသူများမှ ခြောက်ပေအကွာတွင် နေထိုင်ခြင်း၊
- ရောဂါမကူးစက်စေရန် နှာခေါင်းနှင့်ပါးစပ်ကို လုံအောင်ဖုံးအုပ်သည့် ပါးစပ်နှာခေါင်းစည်း (Surgical Mask)ကို အသုံးပြုခြင်း၊
- ရောဂါရှိသူ၏နေအိမ်နှင့် ဆေးရုံများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- မိမိတွင် ရောဂါလက္ခဏာများရှိသည်ဟု ယူဆပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ အကူအညီတောင်းခံခြင်းများ ပြုလုပ်ရပါမည်။

မေး။ ။ စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့် ဂေဟာများတွင် ရောဂါဖြစ်ပွားစေရန် မည်သို့ နေထိုင်ဆောင်ရွက်သင့်ပါသနည်း။

ဖြေ။ ။ အောက်ဖော်ပြပါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တစ်ဦးချင်းအနေဖြင့် လိုက်နာဆောင်ရွက်ရပါမည်-

- အဆောက်အအုံများ လေဝင်လေထွက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း၊
- ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ခြင်း၊
- အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း၊
- လူအသုံးအဆောင်ပစ္စည်းများ၊ လေ့ကား၊ ဓာတ်လှေကား၊ နံရံများနှင့် ရုံးတွင်းပရိဘောဂများကို တစ်နေ့ နှစ်ကြိမ်မှသုံးကြိမ် ပိုးသန့်စင်ခြင်း၊
- စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့်ဂေဟာများတွင် နေထိုင်ဆောင်ရွက်သူများအားလုံး၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်း၊
- တစ်ဦးဦးတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ကျန်းမာရေးဌာနနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ခြင်း၊

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

နောက်ဆုံးရ အင်တာနက် အားကစားသတင်းတိုများ

ကော်စတာအား ပေါင်သန်း ၂၀ချေးခေါ်

ဘရာဇီးကလပ်ရှိဗီပိုမှ ဆယ်ကျော် သက်ရှေ့တန်းတိုက်စစ်မှူး ကော်စတာအား မန်ယူအသင်းက ခေါ်ယူရန် ကြိုးစားလျက် ရှိရာ ပြောင်းရွှေ့ကြေးပေါင်းသန်း ၂၀ ဈေး ခေါ်ထားသဖြင့် မန်ယူက ချက်ချင်း အကြောင်းမပြန်သေးကြောင်း သိရသည်။

မန်စီးတီးက ဗော်လန်အားခေါ်ယူလို

မန်စီးတီးအသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ မန်ယူတိုက်စစ်မှူးဟောင်း ဒီယေဂိုဖော်လန်အား ပြောင်းရွှေ့ကြေး ပေါင်သန်း၃၀ ပေးမည်ဟု ကမ်းလှမ်းလိုက်သည်။

လီဗာပူးမှ အလွန်ဆိုးအား ရိုးရဲမက်ဒရစ်က ပေါင်း၃၂သန်းပေး

လီဗာပူး ကွင်းလယ်ကစားသမား အလွန်ဆိုးအား ရိုးရဲမက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၃၂သန်းပေး၍ ခေါ်ယူရန် စီစဉ်နေကြောင်း ရိုးရဲမက်ဒရစ် ကလပ်က သတင်းထုတ်ပြန်သည်။



ပီတာခရော့ချ်ဖူလ်ဟမ်ရောက်မည်လော

ပို့မောက်တိုက်စစ်မှူး ပီတာခရော့ချ်အား ပြောင်းရွှေ့ကြေးပေါင် ၁၂သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ဖူလ်ဟမ်နည်းပြ ဟို့ဆန်က ထုတ်ဖော်ပြောကြားသည်။

နယ်သာလန်ဒိုတိုက်စစ်မှူးဟန်တယ်လာအား စပါးခေါ်ယူမည်

စပါးအသင်းသည် ရိုးရဲမက်ဒရစ်အသင်းမှနယ်သာလန်တိုက်စစ်မှူးဟန်တယ်လာအား ပြောင်းရွှေ့ကြေးပေါင် ၁၇သန်းဖြင့်ခေါ်ယူမိုင်ရေး ကြိုးစားလျက်ရှိသည်။

ဖူလ်ဟမ်ဒေးဂက်ံးလူ ဟန်ဂီလန် အာဆင်နယ်ရောက်ဖွယ်ရှိ

အာဆင်နယ်အသင်းသည် ဖူလ်ဟမ်ရောက်ခဲလူ ဟန်ဂီလန်အား ပြောင်းရွှေ့ကြေးပေါင်း၁၀သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း၊ အရျက်ဆလက် အများအပြား သဘောတူညီမှုရှိပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။



ဒိုင်စတင် ဗီလာရောက်မည်

ပို့စ်မောက်ကွင်းလယ် ကစားသမား ဒိုင်စတင်သည် ဗီလာအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်စုနှစ်သန်းဖြင့် ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ကလပ်နှစ်သင်းသဘောတူညီမှုရရှိပြီးဖြစ်ကြောင်း ဗီလာအသင်းက သတင်းထုတ်ပြန်သည်။

ကာဗယ်ဟို ချယ်လ်ဆီး၌ ဆက်ကစားမည်

ချယ်လ်ဆီးနောက်ခံလူ ကာဗယ်ဟိုသည် အင်တာဗီလန်အသင်းသို့ ပြောင်းရွှေ့ရေးဆောရာမှကြောင့် ချယ်လ်ဆီးကလပ်၌ပင် ဆက်လက်ကစားမည် ဖြစ်ကြောင်း ကာဗယ်ဟို၏ ဘေးဂျို့ဖြစ်သူက ပြောကြားသည်။

စုစည်းတင်ပြသူ-မောင်ချစ်ကြည်

အီဘရာဟင်မိုဗစ်က ဘာစီလိုနာ၊ အီတူးက အင်တာတဲ့လား

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ဘာစီလိုနာ ၁၇ လိုင် ၁၇

ချန်ပီယံလိဂ်ဖလားပိုင်ရှင် ဘာစီလိုနာအသင်းဟာ ဒီနှစ်နွေရာသီ အပြောင်းအရွှေ့စျေးကွက်မှာ ငြိမ်ခဲ့ချက်သားကောင်းနေရာက အခုဆိုရင် အင်တာဗီလန်ကလပ် တိုက်စစ်မှူး အီဘရာဟင်မိုဗစ်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ပေးပြီး ခေါ်ယူဖို့ စာချုပ်တော့မှာဖြစ်ပါတယ်။

အီဘရာဟင်မိုဗစ်ရဲ့ ခြေခွင်မိုးကို သဘောကျနေတဲ့ ဘာစီလိုနာနည်းပြ ဂွါဒီယိုလာဟာ အီဘရာဟင်မိုဗစ်ကို ခေါ်ယူရရှိရေးအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ အပြင် ဘာစီလိုနာရဲ့ အဓိက တိုက်စစ်မှူး အီတူးကိုကောင်အပိုဆောင်းပြီး ထည့်ပေးရတယ်လို့ သတင်းတွေမှာ ဖော်ပြထားပါ တယ်။

အပို့ဆောင်း

ဘာစီလိုနာအသင်းကနေပြီး ထွက်ခွာတော့မယ်လို့ လေသံပစ်နေတဲ့ တိုက်စစ်မှူးအီတူးဟာ ပစ်မှီယာလိဂ်ကလပ် မန်စီးတီးနဲ့လည်း လုပ်ဝေဖစနဲ့ပတ်သက်ပြီး ညှိနှိုင်းလို့မရတာနဲ့ အခုအချိန်အထိ ဘာမှ လှုပ်ရှားမှု မရှိသေးပါဘူး။ ဒါကြောင့် ဘာစီလိုနာတိုက်စစ်အင်းအား တောင့်တင်းအောင် အီဘရာဟင်မိုဗစ်ကို ခေါ်ယူတဲ့ နေရာမှာ အီတူးကို အပို့ဆောင်းပေးလိုက် ခြင်းဖြစ်ပါတယ်။

အပြောင်းအလဲ

တကယ်တော့ ဘာစီလိုနာအသင်းဟာ လက်ထဲမှာရှိနေတဲ့ ချန်ပီယံလိဂ် ဖလားကို ကာကွယ်ဖို့နဲ့ လာလီဂါဖလားကို လည်း လက်မလွတ်စေဖို့ ပြင်ဆင်မှုတွေ မဖြစ်မနေ ပြုလုပ်နေကာပဲဖြစ်ပါတယ်။ ဒီလိုပြင်ဆင်မှုတွေ ပြုလုပ်တဲ့နေရာမှာ တိုက်စစ်ကို ပထဝဆုံး အပြောင်းအလဲ ပြုလုပ်ခြင်းပါပဲ။

အီဘရာဟင်မိုဗစ်ဟာ အသက် ၂၈ နှစ် အရွယ်ရှိနေပြီး တိုက်စစ်အားတစ်ခု တည်းအားသန်တဲ့သူကို ဘာဖြစ်လို့ အရင်းအနှီးကြီးကြီးမားမားပေးပြီး ခေါ်ယူရတာလဲဆိုတဲ့မေးခွန်းတွေကို နည်းပြဂွါဒီယိုလာကတော့ ရိုးရိုးစင်းစင်းပဲ အဖြေပေးခဲ့ပါ တယ်။ ''ဘာစီလိုနာအသင်းအောင်မြင်မှု တွေရှိအောင်လို့'' တဲ့။

အဓိကစွမ်းဆောင်

ဘာစီလိုနာကလပ်ရဲ့ ဂုလိုင် ၁၇ရက် ကထုတ်ပြန်တဲ့သတင်းအရ အီဘရာဟင် မိုဗစ်ကို ခေါ်ယူဖို့အတွက် ပေါင်သန်း ၄၀ နဲ့ တိုက်စစ်မှူးအီတူးအပြင် အလက်နွားဟဲဘ်ကိုလည်း အလိုက်ပေးဦးမယ်လို့ ဖော်ပြထားတာမို့ ဘာစီလိုနာပရိသတ်တွေ လည်း ဆုံးအားသင့်နေကြပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ အီတူးဟာ ဘာစီလိုနာအသင်း ချန်ပီယံလိဂ်ဖလား ရရှိရေးမှာ အဓိကစွမ်း ဆောင်ပေးခဲ့တဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်နေ လို့ပါပဲ။

ဝေဖန်ခန

ဒါ့အပြင် ဘာစီလိုနာဝိုလ်တက်ကွေဟာ အီတူးကို ချစ်မြတ်နိုးသူတွေ ဖြစ်တာမို့ အရည်အချင်းပြည့်ဝပြီး အခုမှ အသက် ၂၈နှစ်ပဲ ရှိသေးတဲ့ အီတူးကို သက်တူ ရွယ်တူ ခြေစွမ်းတူတဲ့ အီဘရာဟင်မိုဗစ်အား ခေါ်ယူရေးမှာ အလိုက်ပေးရတဲ့အထိ အနေ အထားမျိုးကတော့သိပ်ပြီးဘဝင်မကျတူးလို့ ဝေဖန်ခဲ့ကြားနေကြပါတယ်။

ဒါပေမယ့် ဘာစီလိုနာအသင်းကို နည်းပြအဖြစ် စတင်တာခန့်ယူတဲ့နှစ်မှာပဲ ချန်ပီယံလိဂ်ဖလား လာလီဂါဖလားနဲ့ စပ်ဒီ ဘုရင်ဖလားတွေကို သိမ်းကျုံးရယူနိုင်ခဲ့တဲ့ နည်းပြ ဂွါဒီယိုလာကတော့ ဘာစီလိုနာ ကို ရောက်ရောက်ချင်း နာမည်ကြီး ရော်နယ်ဒင်ဟိုလို့ ကစားသမားမျိုးကိုပါ ရောင်း ထုတ်ပစ်ပြီး ဖလားတွေရယူနိုင်ခဲ့တာဆို တော့ ဘာစီလိုနာပရိသတ်တွေ သိပ်တော့ မပြောသာဘူးဖြစ်နေပါတယ်။

တကယ်တမ်းစဉ်းစားကြည့်ရင် ဘာ စီလိုနာမှာ မက်စီလိုတိုက်စစ်မှူးကို အီဘရာ ဟင်မိုဗစ်နဲ့ တွဲပြီး ပွဲထုတ်ရရင်တော့ ဥရောပမှာ ကြောက်စရာ အကောင်းဆုံး တိုက်စစ်အတွဲဖြစ်မှာ သေချာနေပါ တယ်။ ဒါကြောင့် ဘာစီလိုနာရဲ့ တိုက်စစ်အပြောင်းအလဲဟာ စိတ်ဝင် စားစရာတော့ကောင်းလို့ စောင့်ကြည့် ရမှာဖြစ်ပါကြောင်း။ ။

(အင်တာနက်)

အင်တာမီလန် တိုက်စစ်မှူး အီဘရာဟင်မိုဗစ်

ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀အပြင် တိုက်စစ်မှူး အီတူးနှင့် ဟဲဘ်ကိုပါအလိုက်ပေးကာ ဘာစီလိုနာက ခေါ်ယူမည့် အင်တာမီလန် တိုက်စစ်မှူး အီဘရာဟင်မိုဗစ်။

(အင်တာနက်ပုံ)

ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲအကြိုနှင့် ဖြိတ်နှိုက်ချန်ပီယံ ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀၌ ဖြိတ်သျှအပြေးသမား ဝီလျံဆန် သရဖူရရှိ

လန်ဒန် ဂုလိုင် ၁၇

ကမ္ဘာ့ချန်ပီယံပြေးခုန်ပစ်ပြိုင်ပွဲအကြို နှင့် ဖြိတ်နှိုက်ချန်ပီယံ ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဆီမီယွန်ဝီလျံဆန် သည် အမျိုးသားဗီတာ ၁၀၀အပြေးပြိုင်ပွဲ တွင် ဒီဝိန်းချန်ဘာအား နောက်ကောက်ချ ချန်တားနိုင်ခဲ့ပြီး ချန်ပီယံသရဖူရယူနိုင်ခဲ့ သည်။ အသက် ၂၃ခန့်ရှိ ဝီလျံဆန်သည် ဗီတာ၁၀၀ကို ၁၀၁၁စက္ကန့်ဖြင့်ပန်းတင် နိုင်ခဲ့သဖြင့် ယခုနှစ်ဩဂုတ်လတွင် ဂျာမနီ နိုင်ငံ ဘာလင်မြို့ကျင်းပမည့် ကမ္ဘာ့ ချန် ပီယံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဖြိတ်နှိုက်ယှဉ်ပြိုင် ကစားခွင့်ရရှိခဲ့သည်။

စံချိန်သစ်တင်

ဝီလျံဆန်က ယခုကဲ့သို့ အချိန်ဖြင့် ပန်းတင်နိုင်သည့်အတွက် မနှံ့သြကြောင်း၊ ငွင်းဆိုယခုရာသီတွင် အကောင်းဆုံးစံချိန် မှာ ၁၀၁၁စက္ကန့်ဖြစ်သဖြင့် ယခုကဲ့သို့ ရလဒ်မျိုးကို မျော်မှန်းထားကြောင်း ဖွင့်ပြ ပြောကြားခဲ့သည်။ အိုလံပစ် ချန်ပီယံ ခရစ္စတင်းအိုဟူရူအိုဂူသည် ဗီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့ပြီး ပါးလုံးထောက်နှံပြိုင်ပွဲတွင် ကိတ်ဒင်နစ် ဆင်က ဖြိတ်နှိုင်ငံ စံချိန်သစ်တင်ခဲ့သည်။

(အင်တာနက်)

ဥရောပဖလိုင်းဝိတ်သရဖူ ခရစ်အက်ဒွပ်ယှဉ်ပြိုင်ထိုးသတ်ရယူဖွယ်ရှိ

လန်ဒန် ဂုလိုင် ၁၇

စတုတ္ထအုန်ထရုံဖြိုသား လက်ရှေ့ သမား ခရစ်အက်ခွဝဲသည် ဥရောပဖလိုင်း ဝိတ်သရဖူကို ယှဉ်ပြိုင်ထိုးသတ် ရယူဖွယ် ရှိကြောင်း သတင်းဦးစေ်ပြသည်။ အက်ခွဝဲ သည် ယင်းသရဖူ ဒီနှံခေါ်ပွဲတွင် ယှဉ်ပြိုင် ထိုးသတ်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း ငွင်း၏ စီမံကွပ်ကဲရေး အဖွဲ့က ဥရောပ လက်ရှေ့ဘုတ်အဖွဲ့သို့ အကြောင်းကြားခဲ့ပြီး ဖြစ်သည်။

လက်ရှိ ဖြိတ်သျှနှင့် ဥရောပချန်ပီယံ အက်ခွဝဲသည် ဥရောပတွင် အဆင့်(၃)ရှိ လက်ရှေ့သမားဖြစ်သည်။ အသက် ၃၃ နှစ်ရှိ အက်ခွဝဲသည် ဆကြေးစားလက်ရှေ့ပြိုင်ပွဲ ၂၉ ပွဲယှဉ်ပြိုင် ထိုးသတ်ရာတွင် ၁၃ ပွဲသာ အနိုင် ရရှိခဲ့သည်။ သို့သော်လည်း ၎င်းသည် ပြီးခဲ့သည့် မေလက စတုတ္ထအုန်ထရုံဖြို့ ဖင်တန် မန်နေဂျာအားကစားရုံ၌ ၎င်း၏ နောက်ဆုံးပွဲစဉ်အဖြစ် ဘူစမန်အာမက်အား အနိုင်ရရှိခဲ့သည်။ (အင်တာနက်)

မစ်ဒယ်ဘရော့ဖ်ခေါင်းနှင်း ဗီလာနှင့်လေးနှစ်စာချုပ်

လန်ဒန် ဂုလိုင် ၁၇

အက်စတွန်ဗီလာအသင်းသည် အင်္ဂလန့်နှင့် မစ်ဒယ်ဘရော့ အကောင်ပဂစား သမား စတီးဝင်ခေါင်းနှင်းအား လေးနှစ် စာချုပ် ချုပ်ဆိုလိုက်ဖြီဖြစ် ကြောင်း ယင်းအသင်းက အတည်ပြု ပြောကြားခဲ့ သည်။ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၂ သန်းဖြစ်သည်ဟုဆိုသည်။

ဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ရသည် ကို ဝမ်းသာ ကျေနပ်မိကြောင်း၊ ဗီလာ အသင်းသည် ရည်ရွယ်ချက်မြင့်မြင့်မားမား ဖြင့် ဖွဲ့စည်းထားသော ကောလုံးအင်အား ကြီးအသင်းတစ်သင်းဖြစ်ကြောင်းခေါင်းနှင်း က ဖွင့်ပြောကြားခဲ့သည်။ **(အင်တာနက်)**

မန်စီးတီးတိုက်စစ်မှူးသစ် ကားလို့စ်တီပက်ဒ် ရိုးရဲ့၏ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ဟုဆို

လန်ဒန် ဂုလိုင် ၁၇

အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ် တီဗက်ဒ်က ရိုးရဲမက်ဒရစ်က ၎င်းအား ခေါ်ယူရန် ကြိုးပမ်းမှုကို ငြင်းပယ်လိုက် ခြင်းဖြင့်မန်ယူကစားဇော်ဟောင်းဓိရိုးပိုရဲ့ နှင့်အတူ ကစားခွင့်ကို လက်လွှတ်လိုက် ကြောင်း ဖွင့်ပြောကြားခဲ့သည်။

ထို့အပြင် ချယ်လ်ဆီးနှင့်လီဗာပူးတို့ ကလည်း ၎င်းအား ခေါ်ယူရန် ဆက်သွယ်ခဲ့ ကြောင်း၊ သို့သော်လည်း မန်ယူ၌ ၎င်း၏ အဋ္ဌားစာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် မန်စီးတီးကို ရွေးချယ် ပြောင်းရွှေ့ကာ ငါးနှစ်စာချုပ် ချုပ်ဆိုလိုက်ခြင်းဖြစ် ကြောင်း တီဗက်ဒ်က ဆက်လက်ပြော ကြားခဲ့သည်။ (အင်တာနက်)

ဥရောပလိုက်ဝယ်လ်တာဗိတ်ပြိုင်ပွဲ၌ အစားထိုးယှဉ်ပြိုင်သူလိုင်နက်စ် အမ်ဘာယီနှင့် ထိုးသတ်မည့်အစီအစဉ်ကိုရပ်သိမ်း

ပါရီ ဂုလိုင် ၁၇

လက်ရှေ့ကျော် ကောလင်းလိုင်နက်စ် သည် ဥရောပ လိုက်ဝယ်လ်ကာတ် သရဖူ ပြန်လည်ရယူရေးအတွက် ဂုလိုင် ၄ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့ သော သရဖူရပွဲတွင် ဆော့လေမိန်းအမ် ဘာရီနှင့် ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် အစီအစဉ်ကို ရုပ်သိမ်းခဲ့သည်။ အသက် ၃၁နှစ်ရှိ အင်္ဂလန်နယ်သားလက်ရှေ့သမား လိုင်နက်စ်သည် မြောက်-အိုင်ယာလန်မှ လက်ရှေ့သမား ပေါလီမက်ကလော့စ်ကီ ဒဏ်ရာရရှိပြီးနောက် အစားထိုးဝင်ရောက် ယှဉ်ပြိုင်ရာမှ ယင်းကဲ့သို့ ပြိုင်ပွဲတွင် ပြန်လည်ရုပ်သိမ်းခဲ့ခြင်းသည်။

ပွဲပေါင်း ၃၀ အနိုင်ရရှိခဲ့ပြီး ခြောက်ပွဲ ရှုံးနိမ့်ခဲ့သူ လိုင်နက်စ်သည် ၎င်း၏

နောက်ဆုံးပွဲတွင် ရှုံးနိမ့်ခဲ့ပြီး ယခုအခါ အနာယူရန်ဆုံးဖြတ်ဖွယ်ရှိသည်။ ဒဇလျူ ဘီအေ ချန်ပီယံဟောင်း အမ်ဘာယီသည် ယခုအခါ ၎င်း၏သရဖူကို ကာကွယ်ရန် အတွက် ၁၉ပွဲ ရှုံးပွဲမရှိသေးသော မက် ကလော့စ်ကီနှင့် ပြန်လည်ယှဉ်ပြိုင်ထိုးသတ် ရမည်ဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

ဧခုစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်ခန ဦးဇော်ဝင်းအောင်- ဒေါ်ခင်သိန်းတို့၏သား

ကိုမောင်မောင်သက်ဇော်

နှင့်

ရန်ကုန်မြို့၊ ဘောင်ဥက္ကလာပမြို့နယ်ခန
(ဦးအေးမင်း)-ဒေါ်မြင့်မြင့်မော် တို့၏ သမီး

မဇာလွဲမင်း

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ၁၆-၇-၂၀၀၉ ရက်တွင် ဧစုစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ကိုမောင်မောင်သက်ဇော်-မဇာလွဲမင်း။

ချစ်သားလေး မောင်ပြည့်ဟန်ကျော်၏ (၁၅)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သားလေး မောင်ပြည့်ဟန်ကျော်(ခ)မောင်ကျော်စွာဟိန်း(ခ)မောင်ဖိုးလပြည့်၏ (၁၅)နှစ်ပြည့်မြောက်သည့် မွေးနေ့မင်္ဂလာရက်မြတ်မှာသည် နှစ်(၁၀၀)ကျော်တိုင်အောင် စီတာ၏ ချစ်သာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြွယ်ဝပြီးအောင်မြင်နိုင်ပါစေ....။

ချစ်မေမေ - ဦးမြင့်လွင်(မြင်းခြံ)
ချစ်မေမေ - ဒေါ်မြင့်မြင့်စိန်(တောင်သာ)။

မွေးနေ့ဆုမွန်

သား ဗိုလ်ကြီးအောင်ကျော်ထွန်း M.B.,B.S, M.Med.Sc(Surgery)၏ ၁၈-၇-၂၀၀၉ရက်နှင့် မြေး မောင်အောင်ချမ်းမင်း၏ ၁၇-၇-၂၀၀၉ရက်တွင် ကျရောက်သော မွေးနေ့များမှသည် နောင်နှစ်ပေါင်း ရာကျော်အထိ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်းလျှောက်လှမ်းနိုင်ကြပါစေ။

ဖေဖေ - ဦးပါ
မေမေ - ဒေါ်ခင်ညွန့်မြိုင်
ကိုကြီး - ဒေါက်တာနိုင်ဝင်း M.B.,B.S
မကြီး - ဗိုလ်မှူးအောင်ကျော်မိုး-ဒေါက်တာသီတာလွင်[Ph.D(Physics)]
(အဝေးသင်တက္ကသိုလ်)
သမီး(မမ)ချစ်စုစုလွင်
မလေး - ဒေါက်တာကျော်ကျော်ထွန်း[B.E, M.E, Ph.D(Civil)]-
ဒေါက်တာခင်ညိုမိုလွင်[M.B.,B.S, M.Med.Sc(Public Health)]
သမီး - မမြတ်ဆုပြည့်၊ မမြတ်ကုံကော်
ချစ်နီး - မအိရွှေစင်၊ သမီး-အင်ကြင်းအောင်။

မိဘအမည်ခံနှစ်

အထက(၁) မြောက်ဥက္ကလာပမြို့နယ် တက္ကသိုလ်ဝင်တန်း(N)မှ မောင်မြတ်မိုင်၏ ဖခင်အမည်ခံနှစ်မှာ ဦးမျိုးအေးစိုးနှင့် မိခင်အမည်ခံနှစ်မှာ ဒေါ်ရဲရင်ဖြစ်ပါသည်။

ဦးမျိုးအေးစိုး-ဒေါ်ရဲရင်။

အမြန်ရောင်းမည်

အာရုံစိ နှစ်ထပ်၊ ၁၅၀×၈၀ပေ၀၊ (ဖုန်းပါ)၊ ၇၁လမ်း၊ ၂၈×၂၉လမ်းကြား၊ မန္တလေး။
စုစမ်းရန် ဖုန်း-၀၉-၅၁-၁၆၂၅၆။

ကသာခရိုင်အသင်း(ရန်ကုန်) စုပေါင်းအလှူ

ရန်ကုန် ၌လိုင် ၁၇

ကသာခရိုင်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ အသင်း၀င်မိသားစုများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းအလှူဒါန်းပြုပွဲကို ၌လိုင် ၂၆ရက် (တနင်္ဂနေ့) နံနက် ၉နာရီတွင် သဃိန်းကျွန်းမြို့နယ် ဓေယျာသိရိပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် လူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးညွှန့်ဦး ဖုန်း-၅၇၃၇၂၉၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်ကို ဖုန်း-၅၆၀၉၈၁၊ ဘဏ္ဍာရေးမှူး ဒေါ်ညွှန့်ညွှန့်ရွှေ ဖုန်း-၆၆၅၈၂၁၊ အတွင်းရေးမှူး ဦးဆောင်ဝင်း ဖုန်း-၀၉-၅၁-၁၀၇၃၅၊ တွဲဖက်အတွင်းရေးမှူး ဦးမွေးတင် ဖုန်း-၅၅၀၄၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(မြန်မာ့အလင်း)



စကြည့်တိုက်များ စံ(၅)ရပ်နှင့် ပြည့်စုံရေး မော်ဘီမြို့နယ် ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ၌လိုင် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် ဝန်ထမ်းများသည် ၌လိုင် ၁၆ရက်က မော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ အလင်းရောင်စာကြည့်တိုက်သို့ စာကြည့်တိုက် ရေရှည်ရှင်သန်နိုင်မှုရေး ကွင်းဆင်းဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက စာကြည့်တိုက်များ ရေရှည်ရှင်သန်နိုင်မှုရေးအတွက် စံ(၅)ရပ်နှင့် ပြည့်စုံရေး၊ စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းထားရှိရေးနှင့် စာဝင်းကတ်စနစ်ကျင့်သုံးရေး တို့ကို ဆွေးနွေးပေးကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ပြို့ပြုရေးကောင်စီအဖွဲ့ဝင် ဦးမြတ်ကိုက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ဟောပြော

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက တက်ရောက်လာကြသူများအား ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ပတ်သက်သည့် သိကောင်စရာများကို ရှင်းလင်းဟောပြော ဆွေးနွေးခဲ့သည်။ (အမေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

မိုင်းဖြတ်၌ ကျေးရွာအရောက် ပျိုးပင်များ ဖြန့်ဝေ

မိုင်းဖြတ် ၌လိုင် ၁၇

မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်ဓာ အပင်၂၀ စိုက်ပျိုးရေး စီမံချက်ဖြင့် ကျေးရွာအရောက် ပျိုးပင်ဖြန့်ဝေပွဲကို ၌လိုင် ၅ရက် နံနက် ၁၀နာရီက နန့်နန်းကျေးရွာအုပ်စု နန့်နန်း (ရှမ်း) ရွာ၌ ကျင်းပသည်။

ရေဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ပြို့ပြုံးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက ပျိုးပင်ပေးအပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး နန့်နန်း (ရှမ်း)ရွာအတွက် ပျိုးပင်များကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးယာထူထံ ပေးအပ်သည်။ (အောက်ပုံ) ထို့နောက် နန့်နန်း(အခါ)ရွာ၊ ပါယောင်း နှစ်ရွာနှင့် ကချင်စံပြကျေးရွာအတွက် ပျိုးပင်များကို တောအုပ် ဆောင်မိုးနှင့် တောအုပ် မြင့်ဌေးတို့က ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။

အလားတူ မွန်းလွဲ ၂နာရီတွင် နန့်ကွန်းကျေးရွာအုပ်စု ပါဆန်းကျေးရွာ၌ ကျင်းပရာ တောအုပ် ဆောင်မိုးနှင့် တောအုပ် မြင့်ဌေးတို့က ပျိုးပင်များကို တာဝန်ရှိသူထံ ပေးအပ်သည်။ အဆိုပါနေ့ရက်တွင် ကျေးရွာ ငါးရွာရှိအိမ်ထောင်စု ရာဂုဏ်အတွက် ကျွန်းပင် ၂၆ပင်နှင့် ယူကလစ်အပင် ၁၇၀၀ ဖြန့်ဝေနိုင်ခဲ့ပြီး မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၀၉-၂၀၁၀ခုနှစ်အတွက် ယနေ့အထိ ကျွန်းပင် ၂၄၀၀ နှင့် ယူကလစ်ပင် ၂၅၀၀ ဖြန့်ဝေရိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)



ရေဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ၌လိုင် ၁၇

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် စုပေါင်းကုသိုလ်ပြု လူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၈ရက်က ဗဟန်းမြို့နယ် မမွေစေတီလမ်း၌ မိုးညှင်းပိယသနာတိုက်သစ် မဟာရံကြီးဌာနေ ဘုန်ကြီးကြီးက အဖွင့်အမှာစကား ပြောကြားသည်။ (အမေါ်ပုံ)

ဖတ်ကြား

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်မော(ငြိမ်း)က စုပေါင်းကုသိုလ်ပြု လူဒါန်းပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးမောင်မောင်မြက အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဧရေဝရင်းရွှင်တမ်းအား ဖတ်ကြားအတည်ပြုချက်ရယူကာ အမှုဆောင်များနှင့် အသင်းသား အသင်းသူများက စုပေါင်းအလှူဒါန ပြုကြသည်။

(မြန်မာ့အလင်း)

နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ၌လိုင် ၁၇

ဦးရဲမြင့်ဆွေ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဦးထွန်းပေါ်၊ ဦးခင်မောင်တို့နှင့်အတူ ၌လိုင် ၁၆ရက်က နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist- 2(ProV-1)ဂေါက်သီး ကို Honma (Iron-7)တုတ်ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၅၀အကွာရှိ ကျင်းအမှတ်(၈) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်တော် မြို့နယ် တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အခြေခံဝေဒသ အလယ်တန်းကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစော်မင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဝက်လက် အထက ကျောင်းလမ်းကတ္တရာခင်း

ဝက်လက် ၌လိုင် ၁၇

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အထကလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ပြို့ပြုံးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ရာ အငယ်တန်းဆင့်ဂျင်နီယာ(၂) ဒေါ်တင်မာမြင့်က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ မိုင်းဆတ်မြို့နယ်၌ကျင်းပ

မိုင်းဆတ် ၈လိုင် ၂

မိုင်းဆတ်မြို့ ကျဒယ်အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ရက် နံနက် ၉နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ နယ်မြေခံတပ်မယိမှ ဗိုလ်မှူးချုပ်သန်းထွန်းဦး တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ **(အမော်ပုံ)**

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းသည့် အလှူရှင် ဦးကျချူးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးစိုးမြင့်ဆောင်က လက်ခံယူသည်။

ထို့နောက် အလှူရှင် ဦးကျချူးအား ဗိုလ်မှူးချုပ်သန်းထွန်းဦးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။ ဆဆိုပါကျောင်းဆောင်သစ်မှာ အလှူးပေ ၄၀၀၊ အနံပေ ၃၀၊ အုတ်၊ သွပ်မိုး၊ တစ်ထပ်တိုက်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇီးကုန်းမြို့နယ် လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ဇီးကုန်း ၈လိုင် ၃

ဝဲနားတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် ဘုရားကြီးကုန်းအုပ်စု ရွေးပင်ကုန်းရွာ လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၈ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်နိုး။ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မာမာဦးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းလိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်နိုးက အမှာစကားပြောကြားပြီး စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ဥက္ကဋ္ဌ ဦးညွှန့်နိုးက သုတ၊ ရသ စာအုပ်၅၀၀နှင့် ငွေ၁သောင်းကျပ်၁၀၀၀၀၊ မြို့နယ်ဦးစီးမှူး ဒေါ်မာမာဦးက စာအုပ်၆၀၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်ဌေးဝင်းက စာအုပ်၅၀၊ရပ်မိရပ်ဖ ဦးသောင်းက ငွေကျပ်၅၀၀၀၊ ဥက္ကဋ္ဌ ဦးဝင်းလိုင်က ငွေကျပ် ၅၀၀၀တို့ကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆေးကိုက စာကြည့်တိုက်ဖြစ်ပေါ်လာပုံနှင့် ကျေးရွာတင်စကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဈေးဝင်းတံခါးပြုပြင်

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ဈေးဝင်းတံခါးပြုပြင်ခြင်းလုပ်ငန်းကို မေ ၅ရက်က အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဝင်းဇိုဦးတို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လပွတ္တာ၌ကျင်းပ

လမွတ္တာ ၈လိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လမွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၇နာရီက လမွတ္တာမြို့နယ် ရတနာဒီပအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမော်ကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာမများနှင့် ကျောင်းသူများ စုစုပေါင်းအင်အား၃၅၀ တက်ရောက်ကြပြီး မောက်ဇနီနှင့် ပျဉ်းကတိုး ပျိုးပင်ပေါင်း ၄၀၀ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

မိုးသီးနုံစိမ်းကိန်းအကောင်အထည်ဖော်ရေး သံတွဲမြို့နယ်တွင်တာဝန်ပေးအပ်

သံတွဲ ၈လိုင် ၁

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် ၂၀၀၉-၂၀၁၀ မိုးသီးနုံများ စိမ်ကိန်းရည်မှန်းချက် အကောင်အထည်ဖော်ရေး တာဝန်ပေးအပ်ပွဲကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အကောင်အထည်ဖော်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က စိမ်ကိန်းသီးနှံများကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

အစီအစဉ်များ

*ဆက်လက်၍ မြို့နယ်အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းက စိမ်ကိန်းသတ်မှတ်ရည်မှန်းချက်ပြည့်မီစွာ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများနှင့် ပိုင်းခန်းအကောင်အထည်ဖော်ရေး၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးထွန်းဝေက မြေယာစီမံခန့်ခွဲမှုနည်းလမ်းခရ စိမ်ကိန်းသီးနှံကာလစီးပေးအပ်ခြင်းအပေါ် အလေးထားဆောင်ရွက်ရေး၊ မြို့နယ်စိုက်ပျိုးရေးနှင့်ကျေးရွာဦးမျိုးဝင်းထွန်းက ၂၀၀၉-၂၀၁၀ခုနှစ် မြို့နယ်အတွင်း မျိုးစပါးတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။**

(ခရိုင် ပြန်/ဆက်)

ငါးမျိုးပြုန်းတီးမှု ပညာပေးပိုစတာ ညောင်တုန်း၌ စိုက်ထူ

ညောင်တုန်း ၈လိုင် ၃

ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ညောင်တုန်းမြို့နယ်တွင် ငါးရှဉ်၊ ငါးသန့်နှင့် ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ထိန်းသိမ်းရေး အသိပညာပေးပိုစတာ မြေစိုက်ဆိုင်းဘုတ်များကို လမ်းဆုံလမ်းခွနေရာများ၌ စိုက်ထူပညာပေးလျက်ရှိသည်။

ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးဝင်းတင်နှင့် ဝန်ထမ်းများက ငါးရှဉ်၊ငါးသန့် ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ထိန်းသိမ်းနိုင်ရေး အသိပညာပေးပိုစတာ မြေစိုက်ဆိုင်းဘုတ်ကို ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ မသူပင်လမ်းဆုံရပ်ရာတွင် ဇွန် ၁ရက်က စတင်ပြီး စိုက်ထူခဲ့သည်။ **(အောက်ပုံ)**

ထို့ပြင် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးများပေါက်ပွားချိန် မိုးဦးကာလတွင် ငါးရှဉ်၊ငါးသန့်၊ငါးမျိုးစုံကိုနည်းမျိုးစုံဖြင့် ဖမ်းဆီးခြင်းမပြုလုပ်ကြရန် အသိပညာပေးဆောင်ရွက်ကြသည့် အပြင် ကျေးရွာများသို့လည်း အသံချဲ့စက်များဖြင့် လိုက်လံပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၅၂)**

မိုးကောင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၆၇၂ ဦးရှိ

မိုးကောင်း ၈လိုင် ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၈၄၁ဦး ဝင်ရောက်ဖြေဆိုရာ ၆၇၂ဦး အောင်မြင်ခဲ့သည်။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်၌ ဘာသာရပ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်၁၅၉ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်၇၃၆ဦး စုစုပေါင်းဂုဏ်ထူးထွက်သူ ၈၂၅ ဦး ဖြစ်ပြီး ဆောင်ချက်ရာခိုင်နှုန်းမှာ ၃၆ ဒသမ ၅၀ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လွိုင်လင်၌ စာအုပ်နှင့်စာရေးကိရိယာ ပေးအပ်

လွိုင်လင် ၈လိုင် ၅

လွိုင်လင်မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့၏ သားသမီးများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပေးအပ်ခဲ့ကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက အဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဦးမြဖိုက စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပုံမှန်ခြင်းကို ရှင်းလင်းပြောကြားပြီးတစ်ဦးချင်းစီပေးအပ်သည်။ **(၀၁၇)**

ဥနွဲငါးကို ပွားစေလို ငါးရစ်ဆို မပမ်းနဲ့

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျောက်ဆည်လမ်းပေါ်ရှိ ကျေးလက်တံတား အမှတ်(၂) ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ကြီးကြပ်စစ်ဆေးစဉ်။

(မြို့နယ်ပြန်/ဆက်)

မြဝတီမြို့ မြန်မာနန်း ကွက် သစ်ရွေ့လမ်းခင်းခြင်းနှင့်ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို လက် ထောက် အင်ဂျင်နီယာ ဦးခွေဇိုးနှင့် မြေ တိုင်း-၄ ဦးမင်းဇော် တို့က ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက (၃) X ၀ တွင်ပညာသင်ကြားနေသော မောင်ရဲကျော်ကျော်၏ ဖခင်အမည် မှန်မှာ ဦးသန့်စင်ဖြစ်ပါကြောင်း။

ဝါးရင်ဝါးသန်း ဘေးမဲ့ချုန် ပုံမှန်စားသုံး မျိုးမသုဉ်း

ချိုပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ကြေကျည်စိမ်ခန့် စတီးလိမ်အိခဲသုံးဖဉ်းဆက်ရံ (မင်းဆု)အတွက် လိုအပ်သော ဆက်ဝပ်ကုန်ကြမ်း(၂)မျိုးဝယ်ယူရန် မြန်မာကျွမ်းဝွေဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါစိတ်ရက်မှာ၂၄-၇-၂၀၀၉ ရက်မြစ်ဖြိုး တင်ဒါပေးသွင်းရမည့်အချက်အလက်များအား အဆေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန မှန်းနှံပါတ် ၀၆၇-၄၀၀၃၄၃၄၄ ၀၁-၅၀၃၄၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ အင်းတကော်ကျေးရွာမင်းလမ်း၊ ၆ ရပ်ကွက်နေ ဦးမြင့်သန်းဏီသမီး ခေါ်ခိုင်စန္ဒာလွင် ၁၀/သထန(နိုင်) ၀၈၂၉၁၁၄၄ မြင်းမြစ်မြို့၊ အမှတ် ၂၉၆၊ ၁၃ရပ်ကွက်နေ ဦးတင်မောင်ဦး၏သား ဦးအောင်ကျော်ဦး ၉/ ဓနခ(နိုင်) ၀၂၁၉၆၁၀၇၂သည် ၁၃-၇-၂၀၀၉ရက်တွင် ပဲခူးတိုင်းတရားရုံး ဦးစီးအရာရှိ၏ ရုံးမှောက်တွင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း၊ နောက်နောင် ဦးအောင်ကျော်ဦးနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမဆို ကျွန်မနှင့် လုံးဝ (လုံးဝ) မသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။

(မေမြန်နုစံမန်နီးပါသည်)

ခေါ်ခိုင်စန္ဒာလွင်
၁၀/ သထန(နိုင်) ၀၈၂၉၁၁၄

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ စစ်ကျောင်းမြို့နယ်၊ စစ်ကျောင်း(မြောက်)ရပ်ကွက်၊ အရွှေကုန်းလမ်း၊ တိုက်အမှတ်(၄)၊ မြောက်လွှာ(ခေါင်းရင်းနန်း)၊ အကျယ်အနန်း (၁၅ပေ× ပေ၃၀)ရိုးသော တိုက်နန်းနှင့် အခြားဆက်နွယ်ပတ်သက်သည့် အဂၢိုးစံစာရွက် အရပ်ရပ်များအားလုံးကိုအား တရားဝင် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ယခုအိုလာသူ ဦးအောင်ဌေးသန်း ၁၂/၁၀၅(နိုင်)၀၁၁၀၇ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေခြင်းဖြစ်ပါ၍ အဆိုပါမူလည်း အရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားနိုင်လုံစွာဖြင့် လာရောက် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိခဲ့ပါက အရောင်းအဝယ်အား ငြိုးဆုံးသည်အတိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဆည်ဆွန်ကြားချက်ဆရာ-
ဦးနိုင်ဝင်း (စဉ်-၆၀၅)
B.A., H.G.P., C.B.L., D.B.L., D.M.L
၉၀ခေဒအကျိုးဆောင်
အမှတ်-၁၀/၁၂၊ ဝဆဇထ၀(ဧအေ-၅)၊ ၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၉-၂၂၇၃၀၊ ၀၉-၅၀-၇၀၆၇၇၃။

ဗုဒ္ဓဘာသာ သိမ့်တိမ့်ဖွယ်ရာများ

မွေ့ဓစရိယ ဦးတင့်ဆောင်
ထွက်ပါဖြို့

ကမ္ဘာအေး သာသနာရေးဦးစီးဌာနဓာတုဝိဇ္ဇာ၊ ပဒေသရာဇာစာအုပ်ဆိုင်နှင့် ရွှေတိဂုံတောင်ဘက်မုခ် တင်တင်ဆေးစာအုပ်ဆိုင်များ

ဖုန်း- ၀၉-၅၀-၄၂၄၅၂။

လွမ္ဘာခရိုင် လွမ္ဘာမြို့နယ်အတွင်း ထိုင်းကရုဏာအဖွဲ့မှ ဆောက်လုပ်လှူဒါန်းသည့် တွဲဖက်မူလတန်းကျောင်းများ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဧရိုင်ဝရက်က ရှေ့ဆောင်းကျေးရွာအုပ်စု သပြေကျွန်း တွဲဖက်မူလတန်းကျောင်း ဆောင်သစ်၌ကျင်းပရာ ထိုင်းကရုဏာအဖွဲ့ တာဝန်ခံဦးစီးမင်းဆောင်းက ကျောင်းဆောင် သစ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။ (၁၄၂)

ကျောင်းကုန်း၌ ရှေးဦးပြုစု နည်းပြသင်တန်းဖွင့်

ကျောင်းကုန်း ဧရိုင် ၁၀

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကျောင်းကုန်းမြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းဖွင့်ပွဲကို ဇွန် ၂၃ရက် နံနက် စနာရီက ကျောင်းကုန်းမြို့နယ် အသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဧရာဝတီတိုင်း ကြက်ခြေနီတပ်ဖွဲ့ ဦးစီးရွှေး (ပထဝေနံ) ဦးမြင့်ဝေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကုန်းမာရေဌာနသင်တန်းယူနစ်လက်ထောက်သင်တန်းဆရာရှိ ဦးဆုန်းသွင်နှင့် သင်တန်းနည်းပြများ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကုန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်နှင့် အမှုဆောင်ကော်မတီဝင်များ၊ ပြင်သစ်ကြက်ခြေနီ(မြန်မာနိုင်ငံရုံးခွဲ) သဘာဝေးအန္တရာယ်လျော့ကျရေးဆိုင်ရာ စီမံချက်ညှိနှိုင်းရေးမှူး Ms. F.Lorence Le Paulmier နှင့် ရပ်ကွက်၊ ကျေးရွာ အုပ်စုများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကုန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်တို့က အမှာစကားပြော ကြားပြီး(**အောက်ပုံ**) မြန်မာနိုင်ငံကြက်ခြေနီအသင်း ကုန်းမာရေးဌာနသင်တန်းယူနစ် လက်ထောက် သင်တန်းဆရာရှိ ဦးဆုန်းသွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅ဦးတက်ရောက်ပြီး သင်တန်းကာလ ၁၄ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၁၅၄)**



အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်ဝဲယာ၌ မြေယာရှင်ခ်းအလှဆင်ခြင်းနှင့် ဝဝန်ဧရာလမ်းသေးဝဲယာ တစ်လျှောက်၌ ဓော်ဝင်းဆန်း၊ ဇွယ်သာကီ၊ ပန်းအိ၊ ခရာဝါ၊ ဆိန်ပန်းပွင့် ရွက်လှုပန်းပင်များအား ဧရိုင်၄ရက်က အဖွဲ့ဝန်ထမ်းများဖြင့် စိုက်ပျိုးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ပလမ်း၌ ရွှေရင်အေးစပါးစိုက်ပျိုး

ဇလမ်း ဧရိုင် ၁၃

ဇလမ်းခရိုင် ဆေးရုံမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းဦးဆောင်သော တာဝန်ရှိသူများ ရွှေရင်အေးစပါးစိုက်ပျိုးခဲ့ကို ဧရိုင် ၁၀ရက်က ဇလမ်းမြို့နယ် လိုင်နီးကျေးရွာ တောင်သူဦးဆင်ဟရဲထန်းလယ်ကွက် ဦးပိုင်အမတ် ၅၊ ကွင်းအမှတ်၇၅ ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားကြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးတွတ်ရဲက ကောက်ကွက်ပြည်မီဆောင် အတန်းလိုက်စိုက်ပျိုးနည်းစနစ်နှင့် ဓာတ်မြေဩဇာများ အကျိုးရှိရှာသုံးခွဲနှုန်းများကို ရှင်းလင်းဟောပြော၍ တက်ရောက်လာကြသူများက ရွှေရင်အေးစပါးမျိုးကို အဆိုပါလယ်ကွက်၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (ခရိုင် မြန်/ဆက်)

သပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့လယ်ချောင်းအား စက်ယန္တရားဖြင့်တူးဖော်

သပေါ ဧရိုင် ၁၄

ရုံးပြည်နယ်(မြောက်ပိုင်း) သပေါမြို့နယ် ပြည်သူများနှင့် လယ်မြေများ အဓိက အားထားသောကသုံးရုသည့် (ဖာဖိတ်ဆည်၏ လက်ယာရောင်း) မြို့လယ်ချောင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ပြန်လည် တူးဖော်နေမှုကို ဧရိုင် ၁၀ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြိုးကျော် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။

အဆိုပါမြို့လယ်ချောင်းမှာ ကောနေပြီး ရွှေကျောင်းရပ်နှင့် ပန်းတိမ်တောင်နယ်မြေရှိ မြောင်းပေါင်မှာ မိုခိုက္ကလျက်ရှိရာ ရေများမလိုအပ်သည့်ဘက်သို့ အလယဘသလျှံကျခြင်းမရှိရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး သပေါမြို့အရှေ့တောင်ခြမ်းဒေသ စပါးစိုက်ဧကရ ၈၅၀၀အတွက် အရေးပါသည့် ချောင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် မြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှ သောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၀-၇-၂၀၀၉ (တနင်္လာနေ့)
- ☐ Teaching Literature as Resource in Language Classrooms
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Promoting Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၁-၇-၂၀၀၉ (အင်္ဂါနေ့)
- ☐ Teaching Listening Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Developing Speaking Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Developing Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၂-၇-၂၀၀၉ (ဗုဒ္ဓဟူးနေ့)
- ☐ Developing Writing Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Integrated Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၃-၇-၂၀၀၉ (ကြာသပတေးနေ့)
- ☐ Psycholinguistics (3,4,5)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Error Analysis (1,2,3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၄-၇-၂၀၀၉ (သောကြာနေ့)
- ☐ Asking For and Giving Direction
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Making Offers and Request I+II
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Making Suggestions
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Making Comparison
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၅-၇-၂၀၀၉ (စနေနေ့)
- ☐ သံယုတ္တနိကာလာ ကိုယ်ကျင့်တရား
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ကာရကအသုံးအနှုန်း
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ပါဠိဘာသာအကြောင်း လေ့လာချက်
  - ဒုတိယနှစ် မြန်မာ့မှု အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Introduction to South East Asia
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Background of European Expansion in Southeast Asia
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Forty-year War
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ မြန်မာ၊ မြန်မာစကား
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ အာသံနိုင်ဓလ်ကွန်း၏ဂုဏ်ရည်
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၆-၇-၂၀၀၉ (တနင်္ဂနွေနေ့)
- ☐ Literature Poetry
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Morphology
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Merchant of Venice Plot and Characterization
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ On his Blindness-John Milton
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Some Practical Considerations in a work of Translation
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Taxonomic Grammar and its Contributions to English Language Teaching
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Shall I compare thee to a Summer's Day? By William Shakespeare (1564-1616)
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

★ တည်ငြိမ်အေးချမ်းမှု တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှု ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

သံတွဲမြို့နယ် ဖွံ့ဖြိုးရေးအတွက် ယာဉ်လိုင်းကွန်ရက်

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း စဉ်ကူစိုးဝင်း

စာမျက်နှာဖွဲ့စည်းမှု ဘိုဘိုမင်း (မြန်မာ့အသံ)

ရန်ကုန် ဇူလိုင် ၁၇

သံတွဲမြို့နယ်ခရီးစဉ်အစ. . . . ။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်သည် မိုင် ၃၆၀ ရှည်လျားသည့် ရခိုင်ကမ်းခြောင်လေ၌ တည်ရှိသည်။ သတင်းခရီးသည်မှာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် တစ်မြို့ဝင်တစ်မြို့ထွက် ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းဖြင့် သွားရောက်လေ့လာခဲ့ရာမှ ယခုမှသံတွဲမြို့နယ် ခရီးစဉ်စတင်ခဲ့ခြင်းဖြစ်သည်။

သက်သောင့်သက်သာ

နောက်ဆုံးဝင်ရောက်ရန်ကျန်ရှိသည့် ဂွမြို့သို့သွားရန် ခရီးစဉ်မှာ တောင်ကုတ်မှတစ်ဆင့် သံတွဲမြို့၊ *စာမျက်နှာ ၁၀ ကော်လံ ၁* ●

ကျောက်ခေတ်ဦး ယဉ်ကျေးမှု အထောက်အထားများ ရှာဖွေတွေ့ရှိ

နေပြည်တော် ဇူလိုင် ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းလျက်ရှိရာတွင် ရှေးဟောင်းသုတေသနလုပ်ငန်းများ ပိုမိုတိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်အတွက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း) မန္တလေးမြို့နှင့် သမိုင်းသုတေသနဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ခြောက်ဦးပါဝင်လျက် ဦးဝင်းကြိုင် (ကထိက နည်းပညာသင်တန်းကျောင်း) ခေါင်းဆောင်သော သုတေသနလုပ်ငန်းအဖွဲ့သည် ပဲခူးတိုင်း ပြည်မြို့ ပတ်ဝန်းကျင်နှင့် မကွေးတိုင်း ပခုက္ကူမြို့ ပတ်ဝန်းကျင်ဒေသများ၌ မြန်မာ့ကျောက်ခေတ်ဟောင်းအထောက်အထားများ ကွင်းဆင်းရှာဖွေခြင်းနှင့် လေ့လာသုတေသနပြုခြင်းလုပ်ငန်းများကို ဇွန် ၅ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

သံတွဲမြို့ မေတ္တာဝတီဘိုးဘွားရိပ်သာကို ဤသို့ သပ်ရပ်လှပစွာ တွေ့ခဲ့ရသည်။
ဓာတ်ပုံမှတ်တမ်း - စဉ်ကူစိုးဝင်း

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန်အတွက် ဧကအများဆုံး စိုက်ပျိုးရေ ပေးဝေလျက်ရှိသော ဘေနီရေလှောင်တမံကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - သတင်းထောက် ပိန်းဇလုပ်သိန်းညွှန့်

မြန်မာ့အသံ အင်တာနက်ကျန်းမာရေး

ကလေးငယ်များ စိတ်ကျန်းမာရေးကောင်းမွန်ရန် ကိုယ်ဝန်ဆောင်စဉ်ကပင် ဂရုစိုက်နေထိုင်သင့်

ကိုယ်ဝန်ဆောင်စဉ် ကာလတွင် စိတ်ပျော်ရွှင်ချမ်းမြေ့မှု မရှိခဲ့သည့် မိခင်များမှ မွေးဖွားသော ကလေးငယ်များသည် အသက်အရွယ်ရလာသည့်အခါ စိတ်ရောဂါများ ရတတ်ကြောင်း ဖြိတ်သျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ဂရုစိုက်

ကိုယ်ဝန်ဆောင်မိခင်၏ စိတ်ပိုင်းဆိုင်ရာ ခံစားမှုသည် သန္ဓေသားအပေါ် ရိုက်ခတ်နိုင်စွမ်းရှိရာ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ရင်သွေးငယ်များ၏ စိတ်ကျန်းမာရေးကောင်းမွန်စေရန် သတိပြုဂရုစိုက်နေသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

ပြုပြင်နိုင်

သို့သော် ရင်သွေးငယ်တစ်နှစ်အရွယ်မှ စတင်ကာ မိဘများက ချစ်ခင်ယုယစွာ ဆက်ဆံခဲ့ပါက ယင်းကလေးငယ်သည် စိတ်ရောဂါရနိုင်မှု အခွင့်အလမ်းနည်းပါးကြောင်း၊ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များကို ချစ်ခင်ယုယစွာဆက်ဆံပြီး *စာမျက်နှာ ၁၁ ကော်လံ ၄* ■